# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၁၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ချောက် - ဆိပ်ဖြူ ဧရာဝတီမြစ်ကူး အနော်ရထာတံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ချောက် - ဆိပ်ဖြူ ဧရာဝတီမြစ်ကူး အနော်ရထာတံတားရေလယ်တိုင် အမှတ်(၂) ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့ (၅) ဆိပ်ဖြူက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၅)၏ တာဝန်ခံအင်ဂျင်နီယာများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝနှင့် ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုအတွက် အဆင်ပြေစေရန် ချောက် - ဆိပ်ဖြူ ဧရာဝတီမြစ်ကူး အနော်ရထာတံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူ၍ တံတားရေလယ်တိုင်များ ရေတိုက်စားမှုမှ ကာကွယ်ရေး၊ တံတားပင်မ ကိုယ်ထည်တံတားကြမ်းခင်းနှင့် သံမဏိသံပေါင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ချဉ်းကပ်တံတား လူသွားလမ်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် *စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

လယ်မြေ ၁၀ ဧက အထက်ပိုင်ဆိုင်သော တောင်သူကြီးများအား ချေးငွေထုတ်ချေးခြင်းကို လာမည့်အပတ်တွင် စတင်မည် — ပြည်တွင်းသတင်း — စာ ၃

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရ နေရာများသို့ ဒုတိယနေ့အဖြစ် သွားရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၈

နိုင်ငံရေးအတွေးအမြင် ဗဟုသုတရှိပါမှ . . . . . — ဆောင်းပါး — စာ ၁၆

ပခုက္ကူကုန်စည်ဒိုင်၌ ပဲယင်းဝါ၊ ပဲယင်းနီအရောင်းအဝယ် ဖြစ်မှုနှင့် ဈေးနှုန်းဈေးကွက် — စီးပွားရေးသတင်းများ — စာ ၁၈


## ပြည်ပ ဝယ်လိုအားကြောင့် ပဲနှင့် နှမ်းဈေးမှာ အမြင့်ပိုင်းတွင်ရှိနေ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ပဝယ်လိုအားကြောင့် ပဲနှင့်နှမ်းဈေးမှာ အမြင့်ပိုင်းတွင် ရှိနေကြောင်း ပဲနှမ်းအဝယ်ဒိုင်များထံမှ သိရသည်။ "ပဲကတော့ အရင်ကထက်စာရင် မြင့်သွားတယ်။ ပြည်ပဝယ်လိုအားကြောင့်လည်းပါတယ်။ ပဲတွေက အမျိုးအစားအများကြီးပါပဲ။ မြင့်တာကတော့ အကုန်လုံးပါတာပေါ့။ နည်းတာနဲ့များတာပဲ ကွာတယ်" ဟု ပဲအရောင်းအဝယ်လုပ်နေသူတစ်ဦးက ဆိုသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❐

# နောက်ဆုံးပေါ် မူးယစ်မှောင်ခို

မူးယစ်မှေလျှောစေတတ်သည့်အရာများ ရောင်းဝယ်ဖောက်ကားမှုကို မိန္တာဇီဝခေါ် မကောင်းသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လူသားတို့ကိုးကွယ်ရာ ဘာသာကြီးများက သတ်မှတ်ထားကြသည်။ ထို့အပြင် ရှေးခေတ်မှသည် မျက်မှောက်ခေတ်အထိ အုပ်ချုပ်သူ မင်းအစိုးရအဆက်ဆက်တို့က တရားမဝင်အဖြစ် ပိတ်ပင်တားမြစ်ခဲ့ကြသော်လည်း အကျိုးအမြတ်လွန်စွာကြီးမားလှသည့် မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းများမှာ ရာစုနှစ်များ ကြာခဲ့ပြီဖြစ်သည့် ပစ္စုပ္ပန်ကာလတိုင် ပျောက်ပျက်မသွား။

မူးယစ်ဆေးဝါးဟုဆိုရာတွင် အစောပိုင်းကာလများ၌ ဘိန်းသည် အဓိကဖြစ်ပြီး ၁၆ ရာစုနှစ်ဦးပိုင်းတွင် အနောက်တိုင်းသားတို့က အာရှသို့ ယူဆောင်ဖြန့်ဝေခဲ့ကြခြင်းဖြစ်သည်။ ၁၈ ရာစုသို့ရောက်သည့်အခါ ဘိန်းကုန်ကူးခြင်းသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်လာသည်။ ဘိန်းသည် ဥရောပ၏ ဆေးဝါးဖြစ်လာပြီး ရောဂါများစွာတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြရာမှ ရေရှည်တွင် ဖြတ်မရအောင် စွဲလမ်းစေတတ်ကြောင်းကိုလည်း သိရှိလာကြပြီး ဆန့်ကျင်လာကြသည်။ ဥရောပတွင် ဈေးကွက်ပျက်သည့်အခါ ဘိန်းသည်သာ အဓိက စီးပွားရေးဖြစ်နေပြီး အကျိုးအမြတ်ကို မစွန့်လွှတ်နိုင်သည့် အရှေ့အိန္ဒိယကုမ္ပဏီက အာရှသားတို့ကို ဘိန်းဇာတ်သွင်း၍ ဈေးကွက်ရှာခဲ့သည်။

၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ရခိုင်နှင့် တနင်္သာရီတို့ အင်္ဂလိပ်လက်အောက် ကျရောက်သွားခဲ့ရာ ၎င်းဒေသများတွင် လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်စေခြင်းဖြင့် ဒေသခံတိုင်းရင်းသားတို့ကို ဘိန်းစားဇာတ်သွင်းခဲ့သည်။ ဘိန်းရောင်းရငွေနှင့် ဘိန်းခန်းလိုင်စင်အခွန်ငွေတို့ကသာ အကျိုးအမြတ်ဖြစ်စေခြင်းမဟုတ်ဘဲ ဘိန်းစွဲနေသည့် အမျိုးသားတို့ ခုခံတွန်းလှန်လိုစိတ် ကင်းမဲ့ခြင်းနှင့် လူပျင်းရှားတက်ကြွမှု ကင်းမဲ့ခြင်းတို့ကလည်း နယ်ချဲ့တို့အဖို့ အမြတ်ပင်ဖြစ်သည်။ တရုတ်နိုင်ငံတွင် အင်္ဂလိပ်တို့၏ ဘိန်းဇာတ်သွင်းမှုကြောင့် တောင်ပိုင်းဒေသ ကမ်းရိုးတန်း ပြည်နယ်များရှိ တရုတ်အမျိုးသား ၉၀ ရာခိုင်နှုန်းခန့် အထိ ဘိန်းစွဲခဲ့ရာ တရုတ်ဧကရာဇ်က အင်္ဂလိပ်တို့၏ ဘိန်းကုန်ကူးမှုကို နှိမ်နင်းရာမှ ၁၈၄၇ ခုနှစ်တွင် ပထမဘိန်းစစ်ပွဲ ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံတွင် ဘိန်းရောင်းချနိုင်ရေးအတွက် အင်္ဂလိပ်တို့ မတရားဆင်နွှဲခဲ့သော ဘိန်းစစ်ပွဲသည် ထာဝရဂုဏ်သိက္ခာမဲ့စွာဖြင့် သမိုင်းမှတ်တမ်းဝင်နေခဲ့ပြီဖြစ်သည်။

နယ်ချဲ့တို့စခဲ့သည့် မူးယစ်ဆေးဝါးဇာတ်လမ်းကို မိမိတို့ နိုင်ငံတွင် အမွေဆက်ခံသူများမှာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည်။ ယခုခေတ်တွင် မူးယစ်ဆေးဝါးသည် ဘိန်းထက် ပိုမို၍ထုတ်လုပ်ရန် လွယ်ကူပြီး ပိုမိုဆန်းပြားသည့် ဓာတုပစ္စည်းများ အခြေခံသည့် ဆေးဝါးများဖြစ်လာသည်။ တိုင်းရင်းသားအခွင့်အရေး၊ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီရေး စသည်ဖြင့် လူကြားကောင်းအောင် အကြောင်းပြထားကြသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ကြီးစိုးရာဒေသများမှာ မူးယစ်ဆေးဝါးများကို ထုတ်လုပ်ကြပြီး နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများနှင့် မူးယစ်ဆေးဝါးကုန်သွယ်မှုများကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးလုပ်ငန်းမှရရှိသည့် ကြီးမားလှစွာသော အကျိုးအမြတ်များက အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ လက်နက်ခဲယမ်းယူနီဖောင်းရိက္ခာ၊စစ်အသုံးအဆောင်များအတွက်သာမက ခေါင်းဆောင်ပိုင်းတို့အတွက် အဓိက ဝင်ငွေများလည်းဖြစ်သည်။

မူးယစ်မှောင်ခိုစီးပွားရှာမှုများနှင့် စပ်လျဉ်း၍ နောက်ဆုံးပေါ်ထွက်လာသည့် လက်နက်ကိုင်အဖွဲ့မှာ ရခိုင်တိုင်းရင်းသားတို့၏ အကျိုးအတွက်ဟုဆိုထားသည့် AA ဖြစ်သည်။ ၅မ်းမြောက်တွင် ထုတ်လုပ်သည့် မူးယစ်ဆေးပြားများကို နယ်ချဲ့အင်္ဂလိပ်တို့၏ လမ်းစဉ်ကိုလိုက်ကာ ရခိုင်ပြည်နယ်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ AA သည် မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရ်ဘက်သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ရောင်းချခဲ့သလို လူကုန်ကူးမှုများလည်း ပြုလုပ်ခဲ့သည်။ မူးယစ်မှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့သည် ကမ္ဘာနိုင်ငံတိုင်းက တိုက်ဖျက်နေကြသည့် ရာဇဝတ်မှုများ ဖြစ်သော်လည်း အကျိုးအမြတ်လွန်စွာကြီးမားခြင်းကြောင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ လူမျိုးစုလက်နက်ကိုင်များက မဖြစ်မနေ ကျူးလွန်နေကြခြင်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအပေါ် ထိခိုက်နစ်နာစေပြီး လူသားတို့အပေါ် အန္တရာယ်ကြီးမားသည့် မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေးတွင် တိုင်းရင်းသားပြည်သူအားလုံးတို့က တစ်တပ်တစ်အား ပါဝင်ကြရေး တိုက်တွန်းလိုက်ရပါကြောင်း။ ။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဧလ

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝတွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးပင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ပိုင်းဝန်းဆောင်ရွက်ရေး။

# ပြည်ထောင်စုကို ကာကွယ်စို့

- ထီးပျောက်နန်းပျောက်၊ လက်အောက်နယ်ချဲ့ ကြာခဲ့နှစ်တစ်ရာ၊ ခံပြင်းစွာဖြင့် နေလာခဲ့ရ တို့ဘဝ။
- မြန်မာလူမျိုး၊ အဘိုးကချင် ဘွားကရင်နှင့်၊ မွန်လျှင်ညီဘွား ကယားအစ်ကို၊ ရှမ်းဆိုအဘ ချင်းကမိခင်၊ ချစ်ကြင်သွေးစည်း ရခိုင်ကြီးပါ၊ စည်းလုံးစွာဖြင့် ထားလာစိတ်ဓာတ်၊ ပင်လုံမြတ်ကို နှင်းအပ်နှလုံး၊ ပေါင်းစုရုံးကာ ဖေဖော်ဝါရီ တည်နေထွန်းသစ်၊ တစ်ဆယ့်နှစ်ဝယ် ဖွင့်လှစ်ညွှန်းပြု၊ ပြည်ထောင်စုနေ့ အောက်မေ့ဖွယ်ရာ၊ မော်ကွန်းလွှာကို သူငါရင်ထဲ၊ မှတ်ထင်စွဲလျက် ခိုင်မြဲလက်များ နိုင်ငံ့အား...။
- စေ့စေ့မြင်တွေး၊ လွတ်လပ်ရေးကား သွေးနှင့်ရင်းတည်၊ ရှိခဲ့သည်မို့ နောင်ညီအများ၊ စိတ်မခြားဘဲ တစ်သားတည်းတည် ၊ တညီတည်းလှမ်း တစ်လမ်းတည်းသွား၊ သွေးရင်းများမို့ ရှည်လျားနှစ်ပေါင်း၊ ရာထောင်သောင်းထိ ပေါင်းစည်းညီညွတ် ကာကွယ်စို့...။ ။

ဘိုမျိုး(ရွှေဘို)

*(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် -*

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁ / ၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ (၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာဝုံ)**

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်နှင့်အညီ ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စနစ်တကျ စိစစ်ခွင့်ပြုပေးသွားမည်**

နိုင်ငံတော်နှင့်ပြည်သူများ၏ကုန်သွယ်ရေး၊ သယံဇာတပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ အထွေထွေလုပ်ငန်းများဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီကဏ္ဍကို ဦးစားပေးသွင်းကုန်အနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။ စက်သုံးဆီကို ပြည်သူများ သက်သာသည့်စျေးနှုန်းနှင့် ဝယ်ယူနိုင်ရန် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကစက်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းနှင့် ဟိုတယ်လုပ်ငန်းများ၊ အစိုးရတင်ဒါလုပ်ငန်းများနှင့် ကျန်လုပ်ငန်းများတွင် လိုအပ်သည့် စက်သုံးဆီများကို လွတ်လပ်စွာတင်သွင်းနိုင်ရေး စီမံဆောင်ရွက်ပေးထားပါကြောင်း၊ စက်သုံးဆီတင်သွင်းလိုသည့် ကုမ္ပဏီအသစ်များကို စနစ်တကျ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ စက်သုံးဆီများကို ပြည်သူ့အများ လုံလောက်စွာ အသုံးပြုနိုင်ရေးနှင့် တရားမဝင်စက်သုံးဆီများ ရောင်းချမှုမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီ ဖမ်းဆီးရမိမှုမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ၆၅ မှု၊ စက်သုံးဆီ ၂၉၈ ဒသမ ၀၅၇ တန်၊ ခန့်မှန်းတန်ဖိုးကျပ် ၇၃၈ ဒသမ ၃၉၂ သန်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ၁၄ မှု၊ စက်သုံးဆီ ၇၄ ဒသမ ၂၂၅ တန်၊ ခန့်မှန်းတန်ဖိုးကျပ် ၁၇၆ ဒသမ ၄၂၉ သန်း ဖြစ်ပါကြောင်း။

ပြည်သူများခရီးသွားလာရာတွင် နီးစပ်ရာစက်သုံးဆီအရောင်းဆိုင်၌ လိုအပ်သော စက်သုံးဆီအမျိုးအစားကို လိုအပ်သည့်အတိုင်း အလွယ်တကူ ဝယ်ယူနိုင်ရန် မိမိရောက်ရှိနေသည့်နေရာမှ မိုင် ၃၀ အတွင်းရှိအရောင်းဆိုင်များကို အလွယ်တကူ ရှာဖွေနိုင်ပြီး အသင့်ဝယ်ယူနိုင်မည့်အပြင် Monitoring ပြုလုပ်မည့်ဌာနများကလည်း စက်သုံးဆီအရောင်းဆိုင်များ

ရှိ စက်သုံးဆီအမျိုးအစားအလိုက် လက်ကျန်အခြေအနေများ၊ ရောင်းချသည့် စျေးနှုန်းများကို ကြည့်ရှုစစ်ဆေးနိုင်မည့် Software Application တစ်ခုကို ရေးဆွဲလျက်ရှိကြောင်း၊ ယခုဖေဖော်ဝါရီလမှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၀၇ ဆိုင်တွင် Pilot Project အဖြစ် စမ်းသပ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းစျေးကွက်၌ အရောင်းအဝယ်ပြုရမည့် အခြေခံစားအုန်းဆီ လက်ကားရည်ညွှန်းစျေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပြီး စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် လိုအပ်ချက်များကိုစိစစ်၍ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိကာ စျေးကွက်/စျေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့**

စက်သုံးဆီကိစ္စရပ်များ၊ ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ အခက်အခဲ ကိစ္စရပ်များ၊ စက်ရုံများ ပုံမှန်လည်ပတ်ရေးအတွက် စက်ပစ္စည်းများ၊ စက်အပိုပစ္စည်းများ တင်သွင်းနိုင်ရေး၊ သက်ဆိုင်ရာဌာနများနှင့် ကုန်သည်လုပ်ငန်းရှင်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံများအတွက် လိုအပ်သော စက်သုံးဆီများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီဆိုင်များမှ ရောင်းချပေးနိုင်ရေး၊ ပဲခူးတိုင်းဒေသကြီးစက်မှုဇုန်အတွင်း စက်ရုံများလည်ပတ်နိုင်ရေးအတွက် အလုပ်ချိန်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေး၊ စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်းများ တင်သွင်းရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြောင်းတကာဓာတ်မှုဇုန်တွင် လျှပ်စစ်ဓာတ်အား အချိန်နှင့်တစ်ပြေးညီရရှိရေး၊ စက်မှုဇုန်များလျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး၊ LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်ပသို့ ပို့ကုန်တင်ပို့ပြီးနောက် ပို့ကုန်ရရှေ့ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများမှ ပို့ကုန်ရရှေများ ပြန်လည်ဝင်ရောက်မှုအား အလေးထား ကြပ်မတ်ဆောင်ရွက်ခဲ့မှုကြောင့် ပို့ကုန်ရရှေများ အလားတူကာလထက် ပိုမိုဝင်ရောက်ခဲ့ပါကြောင်း။

ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိပြီး အကျိုးအမြတ်များ ရရှိရန်နှင့် ပြည်ပပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရရှေ၀ေမာဏ (၅၀ : ၅၀) **ရာခိုင်နှုန်းအစား** (၃၅ : ၆၅) ရာခိုင်နှုန်းကို အဆင့်ဆင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းခြင်းအား ဆောင်ရွက်ခွင့်ပြု**

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်နှင့် ရော်ဘာတင်ပို့မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရာသီချိန်ကာလ(၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ) ရော်ဘာတင်ပို့မှုမှ ရရှိသော ပို့ကုန်ရငွေဖြင့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးတင်သွင်းခြင်းအား ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် လယ်ယာထွက်ကုန်များ ဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်းတင်ပို့မှုမှရရှိသော ပို့ကုန်ရငွေဖြင့် စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းခြင်းအား ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါကြောင်း။

ပြည်တွင်း / ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး၊ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# လယ်မြေ ၁၀ ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးများအား ချေးငွေထုတ်ချေးခြင်းကို လာမည့်အပတ်တွင် စတင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

လယ်မြေ ၁၀ ဧကအထက်ပိုင်ဆိုင်သောတောင်သူကြီးများအား ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်ကို လာမည့် ရက်သတ္တပတ်အတွင်း စတင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက်တောင်သူလယ်သမားကြီးများအား ချေးငွေ လျှောက်ထားရန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ ခွင့်ပြုပေးခဲ့ပြီး ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ လယ်ဧက ခြောက်သောင်းခန့်အထိ ချေးငွေ လျှောက်ထားခဲ့ပြီး ယင်းထဲမှ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးအချို့သို့ ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ ထုတ်ချေးပေးနိုင်ရန် စီစဉ်နေကြောင်းလည်း ၎င်းက ဆိုသည်။

"ပြီးခဲ့တဲ့အပတက ချေးငွေလျှောက်ထားတဲ့ ဧက ငါးသောင်း၊ ခြောက်သောင်းလောက်ရှိပါတယ်။ အဲဒီထဲက စပြီးထုတ်ပေးလို့ရတဲ့နေရာတွေကိုလာမယ့် အပတ်ထဲ စထုတ်ပေးပါမယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ အထက်ပိုင်း နေပြည်တော်ကောင်စီနယ်မြေ မန္တလေး တိုင်းဒေသကြီး အစရှိသဖြင့် အပေါ်ပိုင်းမှာ နောက်မှ ထုတ်ပေးရမယ့်အနေအထားရှိပါတယ်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး အစရှိတဲ့နေရာတွေကို ဖေဖော်ဝါရီ ၁၅ ရက်မတိုင်ခင်မှာ ထုတ်ပေးနိုင်အောင် စီစဉ်နေပါတယ်" ဟု ဦးရဲမင်းအောင်က ဆိုသည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်ဧကလျှင် လေးသိန်းနှုန်းဖြင့် တစ်ဦးချင်း ပိုင်ဆိုင်မှုဧကအလိုက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးရန် အစီအစဉ်မျိုး လုပ်ဆောင်နေကြောင်း ၎င်းက ဆိုသည်။

"ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့တောင်သူတွေ အတွက် နိုင်ငံတော်ဘက်ကနေ စိုက်ပျိုးစရိတ်ချေးငွေပေးတာရှိတယ်။ ပုဂ္ဂလိကဘဏ်တွေနဲ့ ချိတ်ဆက်ပြီးတော့စတင်ပြီး ပုဂ္ဂလိကဘဏ်ကနေ တစ်ဧကကို လေးသိန်းနှုန်းနဲ့ပေးဖို့၊ တောင်သူကြီးတွေ ၁၅ ဧကရှိတယ်၊ ဧက ၂၀ ရှိတယ် စသဖြင့် ဧက ရှိသလောက်ကို စိုက်ပျိုးစရိတ်ချေးငွေပေးဖို့ အစီအစဉ်မျိုးလည်း လုပ်နေတာတွေရှိပါတယ်" ဟု ဦးရဲမင်းအောင်က ဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိဘဏ်များနှင့်ချိတ်ဆက်၍ ကာလတိုချေးငွေကို ဧကစုစုပေါင်းတစ်သိန်းအထိ ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

MT

# (၇၇) နှစ်မြောက် ရွှမ်းပြည်နယ်နေ့ တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၇

**(၇၇) နှစ်မြောက် ရွှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဘာရှေ့ရှင့် ခွန်စ်လွင်၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသိရိသုခမ္မ မင်းအောင်လှိုင် ထံမှ (၇၇) နှစ်မြောက် ရွှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စ်လွင်က ဖတ်ကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က (၇၇) နှစ်မြောက် ရွှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် ရွှမ်းပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာရှေ့ ခွန်စ်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာအစားအစာ ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လှည် ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူများအား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ပွဲကို မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်လက်မှတ် ဂုဏ်ထူးဆောင်ဆုများကိုချီးမြှင့်ရာ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘာရှေ့က လည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စ်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းဦးလွင်နှင့် တာဝန်ရှိသူတို့က လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု (တတိယအဆင့်) မွေးဖြူရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများနှင့် အားကစားထူးချွန်ဆု (ပထမအဆင့်၊ တတိယအဆင့်) ရရှိသူများကို ရွှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ ကလည်းကောင်း ဆုများပေးပေးခဲ့ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများကို ဆုများချီးမြှင့်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ရွှမ်းပြည်နယ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ရွှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် က လက်ခံရယူကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ချောက် – ဆိပ်ဖြူ ဇရာဝတီမြစ်ကူး အနော်ရထာတံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဖြစ်သည့် သံမဏိသံပေါင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံမဏိပေါင် မူလီနတ်များ စစ်ဆေးလဲလှယ်ခြင်း၊ ချဉ်းကပ်တံတား လူသွားလမ်းကြမ်းခင်းများ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပြီး ရေလယ်တိုင် ရေတိုက်စားမှုမှကာကွယ်နိုင်ရန် အနော်ရထာတံတား ရေလယ်တိုင် အမှတ်(၂)၌ ရေယာဉ်ကြီးများ၊ ယန္တရားကရိန်းများ အသုံးပြု၍ ကျောက်ကြီးချခြင်းလုပ်ငန်းများကို တံတား အထူးအဖွဲ့(၅) ဆိပ်ဖြူမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)က ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာများက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇွဲ(အည၀မြေ)**

❒ *ရှေ့ဖုံးမှ*

ယင်းကဲ့သို့အမြင့်ပိုင်းရောက်ရှိနေသည့် ပဲများအနက် ပဲစင်းငုံ၊ မတ်ပဲ၊ မြေထောင့်ပဲမှာ ဈေးအများဆုံးရရှိနေပြီး မတ်ပဲတစ်တန်ကို ဒွေကျပ် ၃၄ သိန်း၊ ပဲစင်းငုံတစ်တန်ကို ဒွေကျပ် ၄၂သိန်း၊ မြေထောင့်ပဲတစ်တန်ကို ဒွေကျပ်သိန်း ၄၀ ကျော် ရရှိနေကြောင်းလည်း ပဲ၊ နှမ်း ကုမ္ပဏီများထံမှ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှလည်း ဝယ်လိုအားရှိနေပြီး ၂၀၂၄ ခုနှစ် ဧနှစ်ဝါရီလအတွင်း ပဲနှင့် နှမ်းဈေးနှုန်းမှာ ပို၍မြင့်တက်လာခဲ့ကာ ဖေဖော်ဝါရီလအတွင်း၌လည်း ဈေးအမြင့်ပိုင်းတွင် ရှိနေကြောင်း သိရသည်။

ပြည်တွင်းနှင့် ပြည်ပ ဝယ်လိုအားကြောင့် နှမ်းဈေးနှုန်းမှာလည်း အမြင့်ပိုင်း ရရှိနေကာ နှမ်းဖြူ၊ နှမ်းနက်မှာ ဈေးကောင်း ပို၍ရရှိကြောင်းလည်း သိရသည်။

"နှမ်းကလည်း ဈေးကောင်းပါတယ်။ နှမ်းကတော့ ပြည်ပ ဝယ်လိုအားရော၊ ပြည်တွင်းစားသုံးမှုရောရှိတယ်။ နှမ်းအဖြူနဲ့ အနက်ကတော့ ဈေးပိုရနေတာပေါ့"ဟု ၎င်းက ဆိုသည်။

**MT**

## ပဲခူးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်

**ပဲခူး ဖေဖော်ဝါရီ ၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ရပ်ဖြစ်သည့် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က ပဲခူးမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်နှင့် ကော်မတီဝင်များက ဟံသာဝတီရပ်ကွက်နှင့် မဇင်းရပ်ကွက်များ၌ အဆောက်အအုံမှတ်တမ်းတင်ခြင်း လုပ်ငန်းဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဖြူဖြူနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ပဲခူးမြို့နယ်သည် ရပ်ကွက် ၄၀ ၊ ကျေးရွာ ၂၁၁ ရွာ စာရင်းကောက်ကွက် ၂၆၄ ကွက်ရှိရာ ဧနှစ်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ကောက်ကွက် ၁၀၈ ကွက်၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **သက်ထက်**

## မူဆယ်မြို့၌ ရွှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၇**

ရွှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ စုပေါင်းရုံးခန်းမ၌ ရွှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ဖတ်ကြားသည်။ ဆက်လက်ပြီး ရွှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက ဖတ်ကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပရဟိတဂေဟာများမှ ကလေးသူငယ်များ၊ စာသင်

တိုက်ကြီးများမှ ရဟန်းသံဃာတော်များအတွက် ဆန်ရိက္ခာစုစုပေါင်း ၄၀၅ ဒသမ ၅ အိတ်ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ) ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘဂ်လားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(နဲ)ဝါ ဟူစိန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘဂ်လားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(နဲ)ဝါ ဟူစိန်အား ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘဂ်လားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြင့်တင်ရေး၊ မြန်မာ-ဘဂ်လားဒေ့ရှ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမဂ်လာအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

Myanmar Rice Bran Oil Co;ltd ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း မဂ်လာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ စီမံကိန်းအကြံပေးများ၊ အင်ဂျင်နီယာချုပ်နှင့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းအကြံပေးများ၊ အင်ဂျင်နီယာချုပ်နှင့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် မဂ်လာပန္နက်တော်တင်ခြင်း အခမ်းအနားကိုကျင်းပရာ ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်မည့်နေရာတွင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများက သတ်မှတ်နေရာများ၌ မဂ်လာပန္နက်တင်ကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။ **(အေပါ်ပုံ)**

ယင်းနောက် စက်ရုံတည်ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများက ဟိန္ဒူဘာသာ ရိုးရာမဂ်လာကို ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့က ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အဆိုပါစီမံကိန်းကို ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်မှုလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှဖွဲနုဆီကို တန်ဖိုးမြှင့်တင်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်၊ ပြည်တွင်းဈေးကွက်အတွက် စားသုံးဆီဖူလုံမှုကို အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ မြန်မာ့လယ်ယာထွက်ကုန်အမယ်သစ်ဖြစ်သည့် ဖွဲနုဆီ၊ ဖွဲနုဆီကြမ်းများကို တင်ပို့ရောင်းချနိုင်ရန်၊ ဖွဲနုဆီထုတ်လုပ်မှုနည်းပညာဖြစ်သော Solvent Extraction Technology ကို ပိုမိုနားလည်သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ခြင်းဖြင့် ဖွဲနုသာမက အခြားသော ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ် (Soya Bean) တို့မှ စားသုံးဆီများကို ပိုမိုတိုးချဲ့ထုတ်လုပ်ဆောင်ရွက်နိုင်ရန်၊ ဆန်စပါးတန်ဖိုးကွင်းဆက် (Rice Value Chain) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မှုမှသည် ပြည်တွင်းတိရစ္ဆာန်အစာဈေးကွက်နှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းစဉ်များကိုပါ တစ်တပ်တစ်အား အကျိုးပြုနိုင်စေရန်၊ ဖွဲနုဆီထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင် အကျိုးရှိသော လုပ်ငန်းအဖြစ် ထူထောင်ပြီး အလုပ်အကိုင်ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးပြုနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၇၇)နှစ်မြောက် သျှမ်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သျှမ်းလူငယ်အသင်း (တောင်ငူ)မှ ဦးဆောင်၍ (၇၇) နှစ်မြောက် သျှမ်းအမျိုးသားနေ့ အခမ်းအနားကို ကေတုမတီဘိုးဘွားရိပ်သာခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားပြီး **(ယာယုံ)** ရန်ကုန်သျှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယကကြီး လုင်းစိုင်းမုဂ့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် (၇၇)နှစ်မြောက် သျှမ်းအမျိုးသားနေ့ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်အောင်က အမှာစကားပြောကြားပြီး သျှမ်းသစိုင်းပညာရှင် ဒေါက်တာ စိုင်းဆမ်အိုက်က သျှမ်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သျှမ်းရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့် သျှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များက သျှမ်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလပထမပတ်က မြဝတီမြို့ပေါ်ရှိ နေအိမ်များ၊ စားသောက်ဆိုင်များ၊ ဂိုဒေါင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ ဇာဖြူဝင်း(ပြန်/ဆက်)

ကျောက်ဆည်မြို့ မြို့ပေါ်ရပ်ကွက်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ဖေဖော်ဝါရီ ၆ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေးနှင့် တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်း၍ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များအား လိုက်လံစစ်ဆေးစဉ်။ မောင်ကျော်ကြီး

ပေါင်းတည်မြို့နယ်၌ ပြည်သူများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်း ဦးစီးပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က ရပ်ကွက်အတွင်း လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ တည်းခိုခန်းများ စစ်ဆေးစဉ်။ သူရကြီး( ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရမည်းသင်းမြို့နယ် ကိုးကွေ့ကြိုးပိုင်း အကွက်အမှတ်(၂)(၃)ရှိ (၃/၂၀၂၃) ကျေးရွာသုံးထင်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိန်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကိုးကွေ့ကြိုးပိုင်း အကွက်အမှတ်(၂)(၃)ရှိ (၃/၂၀၂၃) ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၅၀ သို့ရောက်ရှိပြီး စိုက်ခင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ နှင့်တွေ့ဆုံသည်။

**ကျေးရွာသုံး ထင်းစိုက်ခင်းများကိုတည်ထောင်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာနေပြည်သူများ ထင်းလိုအပ်ချက်အတွက် သဘာဝတောအား မီးခိုနေရမှုကို လျှော့ချရန်နှင့် ပတ်ဝန်းကျင်စီမံးလန်းသာယာစေရန် ကျေးရွာသုံးထင်းစိုက်ခင်းများကို တည်ထောင်ပေးလျက်ရှိကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်းနှင့်အတူ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေး၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့် တစ်အုပ်တစ်မယစ်တောအုပ်များ ဖြစ်အောင် စိုက်ပျိုးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး ကျေးရွာသုံးထင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြိုင်သာယာအဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးထားသော(၂/၂၀၀၉)အထူးစိမ်း တောထိန်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း အပင် ၆၀၀၀ နှင့် တောင်နီတောင်သဘာဝတောထိန်းဧရိယာအတွင်း စိုက်ပျိုးထားသော ၂၀၁၈ ခုနှစ် အထူးစိမ်းကွက်လပ်ဖြည့်စိုက်ပျိုးခြင်း အပင် ၃၀၀၀ ၏ ရှင်သန်မှုနှင့် ထိန်းသိမ်းဆောင်ရွက်ထားမှုကို လည်းကောင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော ညောင်ဦးမြို့နယ်ရှိ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်း(ဇုန်(၄) သစ်မျိုးစုံစိုက်ခင်း ဧက ၆၀၀ အတွင်း စီမံကိန်းဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ နဘူးတောသစ်တောပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးရန် သစ်မျိုး ၁၆ မျိုးဖြင့် ပျိုးပင် ၆၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်း၌ ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု၊ ဆင်ပြတိုက်အတွင်း ပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်အထူးစိမ်းစိုက်ခင်း အပင် ၁၁၀၀၀**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် နတ်ကန်ဦးကြိုးပြင်ကာကွယ်တောရှိ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း Greening Complex Zone ဧရိယာအတွင်း စိုက်ပျိုးထားသော (၂/၂၀၂၂) ဖြည့်စွက်အထူးစိမ်းစိုက်ခင်း အပင် ၁၁၀၀၀၏ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်အလိုက်စိုက်ပျိုးခဲ့သော သစ်မျိုး၊ မြေအတန်းအစား၊ ရေလိုအပ်ချက်နှင့် စိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ်ပြီး ရရှိလာသော ရလဒ်များကိုအခြေခံ၍ အခြားဧရိယာများတွင်လည်း အောင်မြင်အောင်ဆောင်ရွက်ရေး မှာကြားပြီး စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးထားသော အထူးစိမ်းပင် ၃၅၀၀ နှင့် အပူပိုင်းဒေသရေဝေရေလဲဧရိယာများအတွက် အရေးကြီးသော(၁/၂၀၂၃) ရေဝေရေလဲစိုက်ခင်း ၇၅ ဧက၏ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သိမ်ဖြူသင်္ဘောကျင်းနှင့် သီလဝါဆိပ်ကမ်းဧရိယာရှိ လေးလမ်းသွားဖောက်လုပ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သိမ်ဖြူသင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သီလဝါဆိပ်ကမ်းဧရိယာရှိ လေးလမ်းသွား လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သိမ်ဖြူသင်္ဘောကျင်းသို့ သွားရောက်၍ သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းဧရိယာရှိ လေးလမ်းသွား ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ တာဝန်ရှိသူများနှင့် လေးလမ်းသွားတိုးချဲ့ရေး တာဝန်ယူဆောက်လုပ်နေသော ကုမ္ဏီများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လမ်းတိုးချဲ့ခြင်းနှင့်အတူ လမ်းလယ်တွင် ဓာတ်မီးတိုင်များ တပ်ဆင်ခြင်း၊ မြေအောက်လျှပ်စစ်ကြိုးများ ထည့်သွင်းခြင်းလုပ်ငန်းများပါဝင်သည့်အတွက် သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးဌာနနှင့်လည်း ကြိုတင်ညှိနှိုင်းဆောက်ရွက်သွားရန်၊ တည်ဆောက်ပြီး လုပ်ငန်းများကို တတိယအဖွဲ့အစည်းဖြင့် စစ်ဆေးဆောင်ရွက်သွားရန်နှင့် သတ်မှတ်ရက်အမီ စံချိန်/စံညွှန်းနှင့်အညီ ပြီးစီးစေရေး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို) နှင့် အမျိုးသမီးအိမ်တွင်းမှ သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပူတာအို)သို့ ရောက်ရှိပြီး သင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းအတွင်း တည်ဆောက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟိုခိုဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညြို၍ ဆွမ်းဆန်တော်၊ ဆီ၊ ဝဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ စသည့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း ဆောက်လုပ်နေသည့် RC တစ်ထပ် ထမင်းစားဆောင် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၃ ရက်က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်နေသည့် ပူတာအို ခရိုင်၊ မဂ္ဂေ – ခေါင်လန်ဖူးလမ်း စီမံကိန်းသို့ သွားရောက်ပြီး စီမံကိန်း လမ်းပိုင်းတစ်လျှောက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် ကျောက်ချောခင်းခြင်း၊ ရေကျော်တည်ဆောက်ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ အဆောက်အဦ ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ဖေဖော်ဝါရီ ၃ ရက်က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခေါင်လန်ဖူးမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြို့ပတ်လမ်းနှင့် မြို့အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကာ ခေါင်လန်ဖူး မြို့ ဘုန်းတော်ကြီးကျောင်းရေအားလျှပ်စစ်(တာဘိုင်)အတွက် မီးကြိုးများ ပေးအပ်လှူဒါန်းပြီး ခေါင်လန်ဖူး – ဆရမ်ဖာလမ်းပိုင်း တစ်လျှောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဖေဖော်ဝါရီ ၅ ရက်က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမြို့ သမိုင်းဝင်ကောင်းမှုလုံစေတီတော် မြတ်ကြီးအား ဖူးမြော်ကြည်ညြို၍ စေတီတော်ပရိဝုဏ်အတွင်း လျှပ်စစ်မီးများ ပြန်လည်ပြုပြင်နိုင်ရေး အလှူငွေပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဧရာဝတီတိုင်းဒေသကြီးခွဲ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ ရှစ်ပါတီမှ ပါတီဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးပါတီကော်မတီဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများက မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းကို မွန်းလွဲပိုင်းတွင် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၄၇၆ ဦး လက်တွေ့စမ်းသပ်မဲပေးကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် MEVM စက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စျေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ နှစ်ဆတိုး တိုးတက်ထုတ်လုပ်ရေးကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ နှစ်ဆတိုး တိုးတက်ထုတ်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၆) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က ပြည်သူများ၏ စားသောက်မှု ပုံစံပြောင်းလဲလာမှုကြောင့် အသားစားသုံးမှုတိုးတက်လာခြင်းနှင့်အတူ အသားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ နှစ်ဆတိုး တိုးတက်ထုတ်လုပ်ရေးအခွင့် အလမ်းများ၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကာကွယ်ဆေးထိုးခြင်း၊ ကူးစက်ရောဂါများအတွက် ကြိုတင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးတောင်သူများ၏ မွေးမြူထုတ်လုပ်မှုအခြေအနေ၊ မွေးမြူရေးအစားအစာ ထုတ်လုပ်သူများ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ကုန်ချောထုတ်လုပ်မှုအားကောင်း**

ထို့နောက် ဒုတိယဝန်ကြီးက စျေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီပေးနိုင်ရေး၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေး၊ တိရစ္ဆာန်အစာစိုက်ပျိုးကျွေးမွေးသည့်မွေးမြူရေးစနစ် ထွန်းကားလာစေရေး အတွက် မွေးမြူရေးခြံ တည်ထောင် လုပ်ကိုင်လိုသူများကို လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အလားအလာကောင်းသော ဒေသများတွင် တစ်ပိုင်တစ်နိုင် မွေးမြူနိုင်သည့် တိုင်းရင်းမျိုး ကြက်၊ သိုး၊ ဆိတ်၊ နွားများ၊ ဝက်များမွေးမြူရေး၊ ဥစားကြက်၊ အသားစားကြက် မွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAHP)နှင့်အညီ မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရေး၊ ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နွားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ (နေပြည်တော်)ရှိ မြစ်မိမ်းရောင်နွားနှင့် ဒိန်ချဉ်ထုတ်စက်ရုံသို့ ရောက်ရှိပြီး နို့ပေါင်းခြင်း၊ ဒိန်ချဉ်ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများကို လည်းကောင်း၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားစာမြက်(နေပီယာ) စိုက်ပျိုးထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်ကင်း(ခေါ်)ဆလုံတိုင်းရင်းသားတို့၏ ရိုးရာနတ်ကပွဲ ဖေဖော်ဝါရီလ ဒုတိယပတ်နှင့်မတ်လတွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာပြည် တောင်ဘက်စွန်းရှိ ကော့သောင်းနှင့် မြိတ်ကျွန်းစုခွဲ နေထိုင်ကျက်စားကြသောပင်လယ်ပျော် မော်ကင်း(ခေါ်) ဆလုံတိုင်းရင်းသား (Sea Gypsies) တို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည့် ရိုးရာနတ်ကပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်နှင့် မတ်လ အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့နယ် စူးယပ်ဘာလိုင်းကျေးရွာအုပ်စု မကြုံဂလက်ကျေးရွာ၌ ဆလုံနှင့်မြန်မာ၊ ညောင်ပင်အော်ကျေးရွာ၌ ကရင်လူမျိုးများနေထိုင်ကြပြီး အဆိုပါ ရိုးရာနတ်ကပွဲကို လက်ဆင့်ကမ်း အမွေတစ်ခုအဖြစ် ယနေ့တိုင် ကျင်းပလျက်ရှိကာ နတ်ဆရာများ စုပေါင်းပြီး ကျေးရွာအလိုက် ကျင်းပလေ့ရှိကြောင်း သိရသည်။

ဆလုံရိုးရာ နတ်ကပွဲကို ပင်လယ်ပြင်၌ တစ်နှစ်ပတ်လုံး ငါး၊ ပုစွန် ပေါများစွာ ရရှိစေရန်၊ ကျန်းမာရေး ကောင်းမွန်စေရန်နှင့် ရိုးရာအမွေထိန်းသိမ်းမှုအဖြစ် ကျင်းပလေ့ရှိပြီး အဆိုပါနတ်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်၌ ညောင်ဝိုးကျွန်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် လင နန်းကျေးရွာနှင့် မတ် ၁၀ ရက်တွင် မကြုံဂလက်ကျေးရွာတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ကော့သောင်းမြို့နယ် အနီးရှိ ကျွန်းများနှင့် မြိတ်ကျွန်းစုခွဲ ဆလုံတိုင်းရင်းသားအများစု နေထိုင်လျက်ရှိပြီး မကြုံဂလက် ကျေးရွာ၌ အိမ်ခြေ ၄၀၀ ခန့်ဖြင့် ဆလုံတိုင်းရင်းသား အများဆုံး နေထိုင်လျက်ရှိရာ အစည်ကားဆုံး ရိုးရာနတ်ကပွဲအဖြစ် မကြုံဂလက် ကျေးရွာ၌ ရှေးယခင်မှစ၍ ယနေ့တိုင် အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။ ဆလုံတို့သည် ဗုဒ္ဓဘာသာနှင့်ခရစ် ယာန်ဘာသာ ကိုးကွယ်ကြပြီး အချို့မှာ နတ်ကိုးကွယ်ကြကြောင်း သိရသည်။

"ဆလုံ တိုင်းရင်းသားတွေရဲ့ နတ်ကပွဲဟာ မဖြစ်မနေ လုပ်ဆောင်ကြတဲ့ ရိုးရာပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ကျေးရွာတွေမှာရှိတဲ့ နတ်ဆရာတွေစုပြီး နတ်ပွဲကျင်းပမယ့် ရွာကို သွားရောက်လေ့ ရှိပါတယ်။ နတ်ကပွဲ ကျင်းပချိန်မှာ ပင်လယ်ပြင်ထွက်ခွာလေ့ မရှိပါဘူး။ တစ်နှစ်ပတ်လုံး အစစအရာရာ အဆင်ပြေအောင် နတ်ကပွဲ လုပ်ဆောင်ကြတာပါ။ တိုင်းရင်းသားထဲမှာ ဆလုံတိုင်းရင်းသားဟာ လူဦးရေအနည်းဆုံး ဖြစ်တဲ့အပြင် ပင်လယ်ပြင်ကိုအခိုပြုပြီး ဘဝ ရှင်သန်နေထိုင်သူတွေလည်း ဖြစ်ပါတယ်။ အရင်ကဆိုရင် ဆလုံ နတ်ပွဲမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ လာရောက်လည်ပတ်တာလည်း ရှိပါတယ်။ ဆလုံရိုးရာ နတ်ပွဲကျင်းပဖို့ တိုင်းဒေသကြီး အစိုးရက ကူညီထောက်ပံ့ပေးတာလည်း ရှိပါတယ်" ဟု ကျွန်းစုမြို့နယ် မော်ကင်းဆလုံစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးငွေဝင်းက ပြောသည်။

ဆလုံတိုင်းရင်းသားများ အနေဖြင့် ရိုးရာနတ်ကပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသော်လည်း နတ်ကိုးကွယ်မှု လျော့နည်းလာလျက်ရှိကာ ယခင်က နတ်ဆရာတို့ထံ ဆေးကုသကြရာမှ ယခုအခါ ကျေးလက်ဆေးခန်းခွဲ ကုသကြပြီး ပညာရေးနှင့် ကျန်းမာရေးအသိပွင့်လင်းလာလျက်ရှိကာ မော်ကင်းဆလုံစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဆလုံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် လူမှုဘဝဖွံ့ဖြိုးမှုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအမံဖြင့် ဆလုံတိုင်းရင်းသားတို့၏ လူမျိုးစုမှတ်တမ်းရိုက်ကူး၍ နိုင်ငံတကာခရီးသွားများ ပိုမိုသိရှိလည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေကြောင်း သိရသည်။

**သစ္စာ(mna)**
**ဓာတ်ပုံ-ခွဲမာန်**

ဆလုံလူမျိုးများနေထိုင်သည့် ဒုံးပလဲအောင်ကျေးရွာ။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အထင်ကရ နေရာများသို့ ဒုတိယနေ့အဖြစ် အဖွဲ့ နှစ်ဖွဲ့ ခွဲကာ ဆက်လက်လေ့လာကြသည်။

**ကပြဖျော်ဖြေမှုကိုကြည့်ရှု**

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့သည် တိရစ္ဆာန်ဖျော်ဖြေဥယျာဉ်၌ ဆင်လိမ္မာများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုကြပြီး ဆင်စာများကျွေးကြသည်။

ထို့နောက် ရှားပါးတိရစ္ဆာန်များ၊ အကောင်ရေ ၁၀၀၀၀ တွင် တစ်ကောင်သာ ပေါက်ပွားတတ်သည့် ရှားပါးကျားဖြူများ၊ ချစ်စရာဝါလာဘီ သားပိုက်ကောင်များ၊ ပင်လယ်ဖျံ၊ ပင်ဂွင်ငှက်ကလေးများ နှင့် ငါးပြတိုက်တို့ကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

**သိပ္ပံဆိုင်ရာဗဟုသုတတိုးပွား**

ယင်းနောက် နက္ခတ်တာရာပြခန်းအတွင်း ပြသထားထားသည့် ဂြိုဟ်၊ လ၊ ကမ္ဘာများအကြောင်း၊ စကြဝဠာကြီးအတွင်းရှိ ထူးခြားဆန်းပြားလှပသော အရာများ၊ ကြယ်တာရာများ၏ ဖွဲ့စည်းတည်ရှိပုံ၊ ကမ္ဘာကြီး၏ ဆွဲငင်အားစသည့် နက္ခတ်တာရာ သိပ္ပံဆိုင်ရာဗဟုသုတ တိုးပွားဖွယ်ရာအကြောင်းများကို ကြည့်ရှုလေ့လာကြပြီး စကြဝဠာဆိုင်ရာ ပညာပေးဗီဒီယိုကို ကြည့်ရှုကြသည်။

**သွားရောက်လေ့လာ**

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်(ယာပုံ)နှင့် အမျိုးသားပြတိုက်၊ နေပြည်တော်မြို့မဈေးတို့ကို ဆက်လက်သွားရောက်လေ့လာကြသည်။

အဆိုပါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၄၀၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၄၀၊ မွန်ပြည်နယ်မှ ၃၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၅ ဦး၊ ရခိုင်ပြည်နယ်မှ ၃၁ ဦးနှင့် ရှမ်းပြည်နယ်မှ ၄၀ တို့ပါဝင်၍ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှမျိုးဖြင့် ကပြဖျော်ဖြေ တင်ဆက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေ့လာရေးခရီးစဉ်တွေကို တိုင်းရင်းသားညီအစ်ကိုတွေနဲ့ အတူတကွသွားရတာက အခွင့်အရေးတစ်ခုပါ။ ဗဟုသုတတွေလည်း အများကြီးရတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေနဲ့ စုစုစည်းစည်းသွားလာနေထိုင်ရတဲ့အချိန်အတွင်း ယဉ်ကျေးမှုနဲ့ဘာသာစကားတွေ အပြန်အလှန်ဖလှယ်ဖြစ်ကြပါတယ်

**ဝေယံမျိုး**

ဒေါက်တာထင်လင်းအောင်

မိစန္ဒာလင်း

ယမင်းလှိုင်

ဝေယံမျိုး

ဆန်းမိ

မမြပုလဲသွယ်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာထင်လင်းအောင်**
**(ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ အုပ်ချုပ်သူ)**

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး အဖွဲ့မှာ အဖွဲ့ဝင် ၃၅ ယောက်ပါ ပါတယ်။ ပြည်ထောင်စုနေ့မှာ **"ပြည်ထောင်စုအလှ သမိုင်းသစ်တည် တို့ဧရာဝတီ"** တေးသီချင်းနဲ့ ကပြဖျော်ဖြေ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက လာကြတဲ့ တိုင်းရင်းသားတွေ စုံစုံလင်လင်နဲ့ တွေ့ဆုံခွင့်ရပြီး လေ့လာရေးခရီးတွေ သွားရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ အခုလိုမျိုး အခွင့်အရေးရတဲ့အတွက် ကလေးတွေက ဝမ်းသာဂုဏ်ယူကြတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုမောင်နှမလို ဆက်ဆံကြတဲ့အတွက် အနှစ်သာရရှိရှိ ပျော်စရာကောင်းပါတယ်။ အခုလို အသိပညာဗဟုသုတ ရအောင် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မိစန္ဒာလင်း**
**(မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်မတို့ အဖွဲ့အနေနဲ့ **"ပျံသန်းကြမည့် နေ့ရက်ဆီ"** ဆိုတဲ့ တေးသီချင်းနဲ့ ကပြဖျော်ဖြေတင်ဆက်မှာ ဖြစ်ပါတယ်။ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့တွေ့ဆုံခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ဆောင်ရွက်ပေးမှုတွေကြောင့် မနေ့ကဆိုသတင်းစာနဲ့ တီဗီမှာပဲ အမြတမ်းတွေ့နေရတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ခွင့်ရခဲ့တာဟာ အိပ်မက်တစ်ခုလိုပါပဲ။ တကယ် ဖူးမြော်ရတဲ့အချိန်မှာ လည်း ရင်ထဲမှာအေးချမ်းပြီး ပျော်ရွှင်မိပါတယ်။

ဒီနေ့မှာတော့ နေပြည်တော်က တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်နဲ့ မြို့မဈေးကြီးကို သွားရောက်လေ့လာခဲ့ကြတယ်။ ဒီလိုမျိုး တိုင်းရင်းသားတွေ စုံစုံညီညီတွေ့ရဖို့ ဆိုတာကလည်း မလွယ်ပါဘူး။ တစ်နေရာထဲမှာ ခဏတာဆုံတွေ့ခွင့်ရတဲ့ အချိန်မှာ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုနဲ့ ဘာသာစကားတွေကို ဖလှယ်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ အချင်းချင်း နှုတ်ဆက်ကြတဲ့အချိန်မှာ သူတို့ရဲ့ စကားသံဝဲဝဲလေးတွေကို ကြားရတဲ့အတွက် ဘာနဲ့မှ မလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေ ဖြစ်ပါတယ်။

**ယမင်းလှိုင်**
**(ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်မတို့အဖွဲ့အနေနဲ့ တိုင်းရင်းသားရိုးရာ သီချင်း **"ယိုင်း"** သီချင်းနဲ့ ဖျော်ဖြေ တင်ဆက် ကပြသွားမှာ ဖြစ်ပါတယ်။ မြန်မာလို့ကတော့ ပုခက်ပေါ့နော်၊ မိခင်က ကလေးကို ပုခက်လွဲပြီးတော့ ချော့သိပ်တဲ့ သီချင်းဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ဆုံတွေ့ခွင့်ရတဲ့အတွက် ရင်းရင်းနှီးနှီး မိတ်ဆွေဖွဲ့ခွင့်ရတယ်၊ သူတို့ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဘာသာစကားတွေကို ဖလှယ်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကျွန်မတို့ လေ့လာရေးအဖွဲ့တွေ အနေနဲ့ နေပြည်တော်က အထင်ကရ နေရာတွေကို သွားရောက်လေ့လာခဲ့ကြတယ်။ နက္ခတ်တာရာပြခန်းမှာ ကြယ်တာရာ အကြောင်းတွေကို အစုံလေ့လာခွင့်ရတာ အကြိုက်ဆုံးပါပဲ။ စကြဝဠာဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသတဲ့အချိန်မှာ ဗဟုသုတတွေ ရရှိခဲ့တယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွေကို အစစ အရာရာ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဝေယံမျိုး**
**(ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

ရှမ်းပြည်နယ်ကိုယ်စားပြု အနေနဲ့ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအတွက် နေပြည်တော်ကို လာရောက်ရတာ ဝမ်းသာပါတယ်။ လေ့လာရေးခရီးစဉ်တွေကို တိုင်းရင်းသားညီအစ်ကိုတွေနဲ့ အတူတကွ သွားရတာက အခွင့်အရေးတစ်ခုပါပဲ။ ခရီးစဉ်တွေကနေ ဗဟုသုတတွေလည်း အများကြီးရတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေနဲ့ စုစုစည်းစည်း သွားလာနေထိုင်ရတဲ့အချိန်အတွင်း ယဉ်ကျေးမှုနဲ့ ဘာသာစကားတွေ အပြန်အလှန်ဖလှယ်ဖြစ်ကြပါတယ်။ ညပိုင်းမှာ တိုင်းရင်းသားရိုးရာအကတွေကို တက်တက်ကြွကြွ အကတိုက်ကြတဲ့ အချိန်မှာ သူ့အကကိုယ်ကြည့်၊ ကိုယ့်အက သူကြည့်နဲ့ ပျော်ရွှင်ကြည်နူးရပါတယ်။ ဒါတွေက ကျွန်တော်တို့အတွက် အဖိုးတန်တဲ့ အတွေ့အကြုံတွေပါ။

**ဆန်းမိ**
**(ရှမ်းပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့)**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်မတို့အဖွဲ့အနေနဲ့ ရှမ်းပြည်နယ် သဘာဝအလှအပတွေ၊ တိုင်းရင်းသားတွေ ဘယ်လိုစုစည်းပြီးတော့ နေထိုင်တယ်ဆိုတဲ့အကြောင်းအရာ လေးတွေကိုသီကုံးရေးဖွဲ့ထားတဲ့ **"မောတို့ ဗျော်ရာ"** တေးသီချင်းနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ကျင်းပရေး ဆပ်ကော်မတီကနေ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတာက နေရာအတော်စုံပါတယ်။

ကျွန်မတို့ တက်ရောက်နေတာက ပညာရေးဒီဂရီကောလိပ် ဖြစ်တယ်။

*စာမျက်နှာ ၉ သို့*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃ )ရက်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၇ ) ရက်

၁၃၈၅ ခုနှစ်(၂၀၂၄)ခုနှစ်၊ အစိုးရဝမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဝမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက် (၂၉-၃-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက် (၃၀-၃-၂၀၂၄)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက် (၃၁-၃-၂၀၂၄)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက် (၁-၄-၂၀၂၄)၊ တနလာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း မမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉)ရက် (၂-၄-၂၀၂၄)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီ အထိ | ကျမ်းရင်း မမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် (၃-၄-၂၀၂၄)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတ္တာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိ<br>အဋ္ဌကထာ<br>မဏ္ဍိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌာန်းဒေသနာပဋိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတ္တာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ<br>အဋ္ဌကထာ (၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတ္တာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ<br>အဋ္ဌကထာ (၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**သာသနာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃)ရက်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၇ ) ရက်

၁၃၈၅(၂၀၂၄)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊လတ်၊ငယ်/မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် (၃-၄-၂၀၂၄)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃) နာရီအထိ | အခြေပြုမူလတန်း<br>ပထမယေယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမယေယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>။<br>။<br>။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမယေယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>။<br>။<br>။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၆-၄-၂၀၂၄)၊ စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမယေယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် (၇-၄-၂၀၂၄)၊ တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | ပထမယေယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့ (၈-၄-၂၀၂၄)၊ တနလာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီအထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် (၉-၄-၂၀၂၄)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီအထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၃-၄-၂၀၂၄)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမယေယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဇာလဝဂ် အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ (လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

**သာသနာရေးဦးစီးဌာန**

***စာမျက်နှာ ၈ မှ***

ကလေးတွေကို ဒီကနေ ပြန်ရောက်တဲ့ အခါမှာ စုံစုံလင်လင်နဲ့ သေသေချာချာ ပြန်လည်ပြီးတော့ ပြာနှိုင်ဖို့အတွက်လည်း မှတ်တမ်းမှတ်ရာတွေကို အများကြီး ယူသွားနိုင်ဖို့ လေ့လာနေပါတယ်။ အခုလို မျိုး တိုင်းရင်းသားစုံစုံလင်လင်နဲ့ လေ့လာ ရေးခရီးသွားရဖို့ဆိုတာ မလွယ်ကူတဲ့ အရာဖြစ်ပါတယ်။ အခုလိုမျိုး သွားရောက် ခဲ့ရတဲ့အတွက် ကျေနပ်မိတယ်။ ပီတိဖြစ် မိတယ်။ တိုင်းရင်းသားတွေ ဒီထက်မက ပိုပြီးတော့ စည်းစည်းလုံးလုံး ချစ်ချစ် ခင်ခင်နေထိုင်သွားဖို့ လိုအပ်ပါတယ်။

**မမြပုလဲသွယ် (ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့ အခမ်းအနားမှာ တိုင်းရင်းသား တစ်ယောက်အနေနဲ့ ပြည်ထောင်စုနေ့အကအဖွဲ့မှာ ပါဝင်ခွင့် ရတဲ့အတွက် ဝမ်းသာမိတယ်။ ကျွန်မတို့ ဒီရောက်တော့လည်း တိုင်းရင်းသား ပေါင်းစုံနဲ့ တွေ့ရပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်မတူတဲ့ စကားသံလေးတွေ၊ ဝတ်စားဆင်ယင်မှုလေးတွေကို သိမြင် ရပါတယ်။ ဒဲ့အပြင် အထင်ကရနေရာတွေ ကို လေ့လာရေးခရီးတွေ ပို့ပေးတဲ့အတွက် အသိပညာဗဟုသုတတွေ များစွာရရှိပါ တယ်။ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကို အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံစည်း ခွင့်ရပြီး အတွေ့အကြုံကောင်းတွေရတဲ့ အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်မင်းဟန်၊ ကျိုင်းလော၊ ဓာတ်ပုံ - ဖိုးပြည့်စုံ**

## လွယ်ဂျယ်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**လွယ်ဂျယ် ဖေဖော်ဝါရီ ၇**

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခွဲ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ ဆု ချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

နံနက်ပိုင်းတွင် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာ အထက်တန်း ကျောင်းမှ အထက်တန်းအဆင့် ကျောင်း သား ကျောင်းသူ ကိုးဦး၊ အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး တို့က ပြည်ထောင်စုနေ့ဒဿမမေ့ ခေါင်းစဉ် ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ နေ့လယ်ပိုင်းတွင် မူလတန်းအဆင့်ကဗျာ ရွတ်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့က ပါဝင်ယှဉ်ပြိုင် ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း၊ နယ်မြေရဲစခန်းမှူး ဒုရဲမှူး မြင်ငန်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ် ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသော နံရံကပ်စာစောင်များကို တက်ရောက်လာသူများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

# လပြာသို

## မောင်လူမွေး(မြန်မာမှု)

**ပြာသိုလဝေါဟာရကို ရှေးပုဂံခေတ်က “ပ္လသိုဝ်လပ္လည်” (ငနွယ်သင်ကျောက်စာ သက္ကရာဇ် ၅၀၉ ခရစ် ၁၁၄၇) ပ္လသေိဝ်လဆုတ် (အထောလက်ကျောက်စာ-သက္ကရာဇ် ၅၂၇) ပ္လသုဂ်လ (သူငွေပုခ်ဂူဘုရား ကျောက်စာ သက္ကရာဇ် ၅၅၉) ပ္လါသိုလ်လ (ငပိုက်သင် လင်မယား ကျောက်စာ) ပြတ်သိုဝ်လ (သိမ်ဆိမ့်မင်းတုရင် သိန်းစည်းကျောင်း ကျောက်စာသက္ကရာဇ် ၇၉၂) စသည်ဖြင့် ရေးထိုးခဲ့ကြရာ ယခင်လများက တင်ပြခဲ့သည့်အတိုင်း မြန်မာစာအရေးအသား သတ်ပုံသတ်ညွှန်း မတည်ငြိမ်သေးရကာ ရေးနည်းရေးဟန် ကွဲပြားနေပေသေးသည်ဟု ဆိုရပါမည်။**

သက္ကရာဇ် ၉၀၇- သင်တော်သွေး ရခိုင်ကျောက်စာတွင် (သကြခ် ၉၀၇ ပြာသိုလ္ဆုတ်တရက်) ဟု ရေးထိုးချက်ကို တွေ့ရရာ နှောင်းခေတ်ရေးထုံးများအတိုင်း ပြာသိုလအရေး တည်ငြိမ်ဖြစ်လာသည်ကို တွေ့ရပေသည်။ (ခရစ် ၁၈-၁၂-၁၅၄၅)

### လ ယှဉ်သံကို သုံး၍ ပြောကြ

ပုဂံခေတ်က က၊ ခ၊ ပ၊ ဖ၊ မ ဗျည်းတို့တွင် လဆွဲ၍ ရေးကြလေသည်။ ပြောသံဖတ်ရွတ်သံ အတိုင်းကျအောင် ရေးခြင်းပင်ဖြစ်တန်ရာ၏။ မြန်မာနှင့်မျိုးနွယ်တူ တိဗက်၊ ချင်း၊ မွန်၊ ဗမာ၊ ထိုင်း၊ ပသျှူး၊ ဘာသာစုများတွင်လည်း ဗျည်းရွတ်ဖတ်သောအခါ “လ” သံယှဉ်၍ ပြောဆိုကြ၏။ ထားဝယ်ဒေသိယစကားများတွင် က္လား(ကျား)၊ က္လောန်း(ကျောင်း)၊ ခ္လေ(ချေး)၊ ခ္လေါန်(ချောင်း)၊ အပ္လါ(အပြာ)၊ အဖ္လူ(အဖြူ)၊ မ္လေ(မြေ)၊ မ္လစ်(မြစ်)စသည်ဖြင့် ရှေးပုဂံခေတ်ကသို့ပင် ဗျည်းတွင် လ ယှဉ်သံကို သုံး၍ ပြောကြသည်ကို သိနိုင်လေသည်။

ထိုပင့်ရစ်သတ်ပုံတွင် လ ဖျောက်၍ ရေးသားလာသော ကာလကို သက္ကရာဇ် ၈၀၄ ခုနှစ် ရေးထိုးသော ပုဂံမြို့တက်နွယ်ကျောင်း ကျောက်စာကို သုတေသနပြု၍ ရရစ် ယပင့် သံယုဂ် ယနေ့ရေးထုံး ပုံသဏ္ဍာန်ဖြစ်ပေါ်လာကြောင်း၊ တည်ငြိမ်ပြီဖြစ်လာကြောင်းကို ဆရာကြီး ဦးဖိုးလတ်က သုံးသပ်ထားသည်ကို တွေ့ရပါ၏။

အထက်ဖော်ပြပါ သင်တော်သွေး ရခိုင်ကျောက်စာ(၉၀၇)သည် ထိုအဆိုကို အထောက်အကူပြုပေသည်။ ပြာသိုရေးထုံးကို ဤမျှနှင့် အကျဉ်းတင်ပြပြီး ဝေါဟာရအဓိပ္ပာယ်ကို တင်ပြပါဦးမည်။

### ပြာသိုဝေါဟာရခေါ်ဝေါ်ခြင်း ဗဟုသုတအနေဖြင့်သာ တင်ပြ

လေ့သင်းအတွင်းဝန် ဦးချိန်၏ဝေါဟာရ လိနတ္ထဒီပနီတွင် မြန်မာဘာသာ “ပြာသိုလ”ဟု ခေါ်ဝေါ်သည်မှာ အမရကောသ အဘိဓာန်လာ “ဖုဿျယုတ္တာ ပုဏ္ဏမာသီပေါဝိ” ဟူ၍ လာသည်။ ဖုဿျနက္ခတ်နှင့် ယှဉ်၍ လပြည့်သောနေ့သည် “ပေါဝီ” မည်၏ ဆိုသည်။ ထိုမှတပါး ရာဇမတ္တဏ်ကျမ်းတွင်လည်း “ပေါသီ=ပြာသိုလ” ဟု အနက်ဆိုသည်။ ထိုပေါသီပင် သက္ကဋအလို ရရစ်နှင့် “ပြေါသီ”ဖြစ်သည်။ ကာလရှည်ကြာသောအခါ “ပြေါသီ”မှ “ပြာသို” ဖြစ်လာသည်။ “ပရသီတလံ အတ္တောတီတိပြာသို” ဟူ၍လည်း ပါဠိဝိဂ္ဂြိုဟ်ကြံကြကုန်၏။ ဘာသာပြန်ပါက တပါးသော လများထက် လွန်ကဲထူးခြားစွာ ချမ်းအေးသော လဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် “ပြာသို” မည်၏ဟု အကျယ်တဝင့် ဖွင့်ဆိုထားလေသည်။ ဤ၌ ဖော်ပြပါ ပါဠိသက္ကဋဘာသာမှ ပါဠိပျက်-ပါဠိသက် သက္ကဋမှ ဆက်နွယ်မှု အကြောင်းပြု၍ ပြာသိုဝေါဟာရခေါ်ဝေါ်ခြင်း ဟုတ်မဟုတ်ကို မစောကြောတော့ဘဲ ဗဟုသုတအနေဖြင့်သာ တင်ပြခြင်းဖြစ်ပါသည်။

ဆရာကြီး ဦးဖိုးလတ်၏ ပြာသိုလအဖွင့်ကမူ တိဗက်၊ တရုတ်၊ မြန်မာ မျိုးနွယ်စုများမှသည် တိုင်းရင်းသားအသီးသီးတို့၏ ဝေါဟာရဇာစ်မြစ်များကို အခြေခံ၍ “သ်ပြ-ပြာ-ပ္လ-ပ္လါ-အသံထွက်ဝေါဟာရမှာ “တောက်လောင်ခြင်း” အနက်အဓိပ္ပာယ်ရှိကြောင်း “ပ” ၏ အဓိပ္ပာယ်မှာ တောက်လောင်၊ လောင်ကျွမ်း၊ ရှို့-မြိုက်၊ လှော်ကင်၊ နေလှန်း အဓိပ္ပာယ်ဆောင်ကြောင်းကို ဖော်ပြထားလေသည်။ မြန်မာတိုင်းရင်းသားများ ဖြစ်ကြသော လီဆူး၊ ချင်း၊ ကရင်၊ နာဂ၊ မူဆိုး၊ ရှီယင်၊ မွန်၊ ကချင်စသည်တို့၏ အသံထွက်အရလည်း ပြာ၏ အဓိပ္ပာယ်မှာ- ထွန်းလင်း၊ တောက်ပ၊ လောင်ကျွမ်းသော သဘောများကိုဆောင်ကြောင်းကို အကိုး သာဓကများ ပြပြီး၊ ကောက်ချက်ချရာတွင် ပြာမှာ- ပျားဖယောင်း၊ ဖယောင်းကို ဆိုလိုကြောင်း ဖော်ပြထားလေသည်။

**❖ ပြာသိုလ၏အခြားထူးခြားသောပွဲမှာ “ရှင်တစ်ထောင်” အခါတော်နေ့ ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် သူတို့၏ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခပ် စသည့် အယူလွဲ မိစ္ဆာဝါဒများ စွန့်လွှတ်၍ ဗုဒ္ဓ၏မဇ္ဈိမ ပဋိပဒါလမ်းစဉ်(ဝါ) ဗုဒ္ဓသာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်**

“သို” မှာလည်း ထို့အတူ တိဗက်၊ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်းနိုင်ငံများ၏ ဝေါဟာရ ဇာစ်မြစ်အရ “အဆီ” ဟောပုဒ်ဖြစ်ကြောင်း မြန်မာတိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ချင်း၊ မွန်၊ ရှမ်း စသည် မျိုးနွယ်စုများတွင် အဆီဟောပုဒ်ကို “သို” ဟု ခေါ်ဆိုကြောင်းများကို ဖွင့်ဆိုထားလေသည်။

ရှေးအခါက မီးထွန်းဖို့ရာတွင် ပျားဖယောင်းသည် အဓိကဖြစ်ပေသည်။ ပြာသိုလသည် ပျားဖယောင်း လှိုင်လှိုင်ထွက်သော ကာလဖြစ်ပေသည်။ ဤသို့သော အကြောင်းခြင်းရာ အချက်အလက်များကို ကိုးကား၍ ဆရာကြီး ဦးဖိုးလတ်က ပြာသို ဝေါဟာရ အဘိဓာန်ကို-

“ပြာသို (ကျောက်စာ-ပ္လသိုလ်၊ ပ္လသိုလ်၊ ပ္လါသိုလ်၊ ပြသိုဝ်)=ဖယောင်း၊ ပျားဖယောင်း၊ ပျားဖယောင်းစု၍ အရဆုံးသောလ၊ ပျားဖယောင်းလ၊ မြန်မာ့ ဆယ့်နှစ်လတို့တွင် ဒသမလ၊ မကာရရာသီ” ဟု ဖွင့်ဆိုထားလေသည်။

### ကောင်းကင်အမြင်နက္ခတ်စဉ်ကို ရေးပြုမှတ်တမ်းတင်ပြခဲ့

ဤသို့ ဖွင့်ဆိုရာတွင် မကာရရာသီကိုပါတွဲ၍ ဖော်ပြထားသည်ကို သတိမူရာ၏။ ဆယ့်နှစ်လရာသီတွင် အယနနှစ်ပါးကို အကြောင်းပြု၍ အပူအအေး မိုးလေအကျ ဥတု-ရတုတို့ကို မှတ်သားပြီးလျှင် ရှေးအခါက သမားတော်ကြီးများက ဆေးဝါးကုသကြကုန်၏။ ပြာသိုလသည် မကာရရာသီတွင် ပါဝင်၏။ ဟေမန္တဆောင်းဥတု သိသိရ-ရတုတွင် ပါဝင်၊ ရှေးမြန်မာကြီးများသည် ဆေးသမားလည်း ဆေးသမားအလျောက်၊ စာဆိုကလည်း စာဆိုအမြင်၊ ဝေဒပညာရှင်များကလည်း ကောင်းကင်အမြင်နက္ခတ်စဉ် စသည့် မြန်မာမှုများကို ရေးပြုမှတ်တမ်းတင်ပြခဲ့ကြကုန်၏။

မကာရရာသီသဘောမှာ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း ပုံသဏ္ဍာန်ဖြစ်၏။ ထိုကို ပါဠိပျက်အနေဖြင့် “မကာရ်း” ဟု ခေါ်ရေး၏။ ထိုမကာရရာသီသို့ တနင်္ဂနွေဂြိုဟ်ရောက်သောအခါ (ကောင်းကင်လမ်း ဒိက္ခိဏာယဉ်) ဆန့်ကျင်ဘက် ပထနီအိမ် ပုဗ္ဗန်တာရာ အဝိုင်းအဝန်းရှိ ကရကဋ္ဌရာသီတွင် ဖုဿျ နက္ခတ်နှင့် စန်းယှဉ်သောအခါ ပြာသိုလပြည့်၏။

“ပုဏ္ဏမာ ဖုဿျငယ် ယုန်စန္ဒာနှင့်၊ မှုန်ပြာပြာဝဍ္ဍာတွင်းမှာလ၊ ငွေပုစွန်တာရာလင်းတယ်၊ နှင်းမြူပိတ်ဖုံး” ဆိုသည့် ပြာသိုလကား ဆောင်းဥတုအလယ် နှင်းထုပြော အအေးဓာတ်လွန်ကဲသောအခါ ဖြစ်၏။

“...ပြာသိုတပို့တွဲ၊ စိုရွှဲငွေနှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား၊ ရှစ်ရက်အားဖြင့်၊ တပါးထိုမျှို၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီလည်း၊ ပထဏီမှတ်၊ အန္တရဋ်ဟု၊ ပညတ်နာမ၊ ကြားရှစ်ညဉ့်၊ တောက်ပလင်းဟုန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ အေးစမြတည့်” (မဃဒေဝ-၁၁၁) စသည်ဖြင့် ပြာသိုလချမ်းအေးပုံကို ရှေးစာပေများတွင် ရေးဖွဲ့ခဲ့ကြရာ ပထမတင်ပြခဲ့သော လေ့သင်းအတွင်းဝန် ဦးချိန်၏ ပရသီတလံ အခြားသော လများထက် လွန်ကဲစွာ ချမ်းအေးသောကြောင့် ပြာသိုမည်၏။ ပါဠိဝိဂ္ဂြိုဟ်ကြံ သက္ကတဟန်သည်လည်း ယုတ္တိရှိဟုတ်ယောင်နိုး ထင်ရပါ၏။ သို့သော် ဆရာကြီး ဦးဖိုးလတ်၏ သုတေသနပြုချက် ဖရောင်းစုဆောင်းသော ကာလမှ “ပြာသို” ဝေါဟာရ၏ ဖြစ်လာသည်ဟူသော အဆိုကို ယုတ္တိသာဓကပြည့်စုံသည်ဟု ဆိုချင်ပါသည်။

ထိုကဲ့သို့ အေးသောကာလတွင် ကိုယ်လက်လှုပ်ရှားရသော မြင်းခင်းသဘင်ကို ရှေးအစဉ်အလာလုပ်ဆောင်ချက်များစွာလည်း မြန်မာ့သဘာဝနှင့် ကိုက်ညီသည့်ပွဲဟု ဆိုရပါမည်။

### မြင်းခင်းပွဲတော်မှ ပေါ်ပေါက်လာသော စာပေများဖြစ်

မြန်မာ့စစ်ရေးတွင် ဆင်၊ မြင်း၊ ရထား၊ ခြေသည်အား ဆိုသည့်အတိုင်း ဆင်ခင်းမြင်းခင်းသည် အဓိကအရေးပါသောအရာ ဖြစ်ပေသည်။ မြင်းခင်းသဘင်ဟု ဆိုသော်လည်း ကုန်ခဲ့သည့် နတ်တော်လက ဆင်ဖမ်းပွဲမှ ရရှိသော(သို့)ယခင်လေ့ကျင့်ပြီးသော ဆင်များအပါအဝင်၊ ဆင်ခင်း၊ မြင်းခင်း၊ လေးခင်း၊ ဓားခုတ်လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သိုင်းအမျိုးမျိုးတို့ အဆင့်ဆင့် ကျင်းပသော ပွဲတော်ဖြစ်ပေသည်။ မြန်မာ ဓားရေး ၃၇-ချင်း၊ လှံရေး ၃၇-ချင်း၊ အဲမောင်းရေး ၃၇-ချင်း စသည်တို့မှာ ဤပြာသိုလ မြင်းခင်းပွဲတော်မှ ပေါ်ပေါက်လာသော စာပေများဖြစ်သည်။

“ခါးပတ်တော်မှာ ရွှေချည်စုံ၊ မိုင်းလုံရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ” အစချီသော မြင်းခင်းတော်ဘွဲ့ကြိုးသည် ပင်းယခေတ် တစ်စီးရှင်သီဟသူ လက်ထက် သက္ကရာဇ်-၆၇၄ နှစ်တွင် ပေါ်ပေါက်ခဲ့သည်ဟု သုတေသီများက မှတ်ချက်ကို တွေ့ရပေသည်။”

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် မောင်းထောင်သာသနာပိုင် ဆရာတော် ဖြေကြားတော်မူသော အမေးတော်ဖြေကျမ်းတွင် ဇာတ်နိပါတ်တော်လာ အကြောင်းအရာများကို ညွှန်းဆိုပြီး ဒုတိယ အင်းဝခေတ်၊ ညောင်ရမ်းမင်းလက်ထက် ပေါ်ပေါက်ခဲ့သည်ဟု ဖြေကြားတော်မူထားသည်ကို တွေ့ရပေသည်။

မြင်းခင်းသဘင်နှင့် ဆက်စပ်၍ စာဆိုကွမ်းရေတော်ကိုင် ဦးယာ၏ လူးတား၊ မဟာမွေ့သကြိန်၏ အဲမောင်းရေး ၃၇-ချင်းသံပေါက်၊ မြင်းစီးနည်း ၃၇- ချင်း၊ လောကဗျူဟာ အင်ရုံစာတမ်း၊ ရတနာပုံခေတ် မြင်းခင်းသဘင် (ကုန်းဘောင်ဆက် မဟာရာဇဝင် ကြီး) စသည်တို့တွင် ရှေးခေတ်မြင်းခင်းသဘင်၊ မင်းညီမင်းသားများ၊ စစ်ရေးတွင် ပြည်သူများ ပါဝင်မှုများကို အကျယ်တဝင့် လေ့လာသိရှိနိုင်ပေသည်။

ရှေးမြန်မာဘုရင်များသည် ဤမြင်းခင်းသဘင်ကို ပျော်ပွဲရွှင်ပွဲမျိုးလုပ်ခြင်း မဟုတ်ဘဲ တိုင်းပြည်ကာကွယ်ရေးကို ရှေးရှု၍ ကျင်းပခဲ့ကြသည်ဟု ဆိုနိုင်ရာ၏။ လူစွမ်းကောင်းများ ပေါ်ထွက်ရေး၊ သက်လုံကောင်းရေးတို့သည် ဤပွဲမှ များစွာ အကြောင်းပြုပေသည်။ မြန်မာ့သမိုင်းစဉ်တွင် တိုင်းတပါးတို့နှင့် စစ်ရေးဖြစ်ခဲ့ကြတိုင်း အောင်မြင်ခဲ့ကြသည်မှာ ဤအကြောင်းအရာနှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်ရာ၏။ မြန်မာနိုင်ငံသည် လူဦးရေသန်းပေါင်းများစွာ ပြည့်နှက်နေသော တိုင်းပြည်ကြီးနှစ်ပြည်ကြား လူဦးရေပေါက်ကွဲနေသော နိုင်ငံနှင့် အခြား တိုင်းပြည်များကြားတွင် တည်ရှိနေသော နိုင်ငံဖြစ်ရာ စစ်ရေးဆိုင်ရာတွင် အမြဲသက်လုံကောင်းရန် လိုအပ်ပေသည်။

ထိုပွဲမျိုးကို (Paradigm အနေဖြင့်) မည်သို့ဆင်ယင်ကျင်းပသင့်သည်ကို စဉ်းစားရာ၏။ မည်သို့ဖြစ်စေ မြန်မာနိုင်ငံသည် နှစ်ပေါင်း တစ်ထောင်ကျော်တိုင် အမျိုးဘာသာ သာသနာနှင့် ကိုယ့်မင်းကိုယ့်ချင်း ရပ်တည်နေနိုင်သည့် အကျိုးဆက်များသည် ရှေးမြန်မာများ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် စစ်ရေးသက်လုံကောင်းမှုကြောင့်ဟု ဆိုရပါမည်။

ပြာသိုလ၏ အခြားထူးခြားသောပွဲမှာ “ရှင်တစ်ထောင်” အခါတော်နေ့ ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် သူတို့၏ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခပ် စသည့် အယူလွဲ မိစ္ဆာဝါဒများ စွန့်လွှတ်၍ ဗုဒ္ဓ၏မဇ္ဈိမ ပဋိပဒါလမ်းစဉ်(ဝါ) ဗုဒ္ဓသာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်။ ထိုကို အကြောင်းပြုပြီး ပြာသိုလပြည့်နေ့တွင် ဘုရားရှင်ကို ရည်စူး၍ ဆီးမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းတော်တစ်ထောင်၊ ရေတော်ခွက် တစ်ထောင်၊ သစ်သီးတစ်ထောင် ပူဇော်ကြလေသည်။ ဤပူဇော်ပွဲအကြောင်းကို ရှေးဟောင်း စာပေမှတ်တမ်းမှတ်ရာများ၌ ထူးထူးခြားခြား စီစဉ်ရေးသားမှု မတွေ့ရပေ။

မာဂဓီသာစည်ဆရာတော် ဘုရားရှိစဉ် ၁၂-လရာသီ မင်္ဂလာအခါတော်နေ့များ ကျင်းပကြရာမှ ပေါ်ပေါက်လာသည်ဟု သိရပါသည်။ မင်္ဂလာဗျူဟာအသင်းချုပ်ကြီး၏ မင်္ဂလာအခါတော်နေ့များတွင်လည်း သီးခြားဖော်ပြထားသည်ကို မတွေ့ရပေ။ (မင်္ဂလာဗျူဟာအသင်းကို ၁၉-၅-၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။) မည်သို့ဖြစ်စေ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ ကောင်းမြတ်သော ကုသိုလ်မှုတစ်ခုပါပေ။ အနာဂတ်လူငယ်များအတွက် စုပေါင်းကုသိုလ်ပြုမှု၊ ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်မှုများကိုဖြစ်စေသော အကြောင်းအရာ အချက်အလက်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာတို့သည် အနန္တောအနန္တငါးပါးကို ဦးထိပ်ထားကြပါ၏။ ထိုအထဲတွင် မာတာပိတုဂုဏော အနန္တော ဆိုသည့်အတိုင်း မိဘတို့၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ သတိပြု နှလုံးမူကြရိုး ရှိပါသည်။ ဤသည်ကို ဘာသာရေးအကြောင်းအရာနှင့် ဆက်စပ်မှုသာမက ဆရာကြီး အကယ်ဒမီ ဦးသုခ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အမေများနေ့ အဖြစ် ယဉ်ကျေးမှုအနေဖြင့်ပါ ဖြစ်ပေါ်လာခဲ့ပါသည်။ ပြာသိုလ၏ လရာသီပွဲများတွင် ဘာသာရေး၊ အမျိုးသားရေး ယဉ်ကျေးမှုများဖြင့် အစဉ်ထုံမွှန်းပါစေသတည်း။ ။

# AA အဖွဲ့ လုပ်ဆောင်နေသည့် တရားမဝင်လုပ်ငန်းများနှင့်ပတ်သက်၍ ထွက်ဆိုချက်များ

**နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေသော်လည်း AA အကြမ်းဖက်အဖွဲ့အနေဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်စုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်နှင့် နိုင်ငံတကာသို့ ရောင်းဝယ်ဖြန့်ဖြူးနေမှုများကို မိဘပြည်သူများသိရှိစေရန် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ AA အကြမ်းဖက်အဖွဲ့မှ ၎င်းတို့၏ လူ/လက်နက်၊ ရိက္ခာနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းနိုင်ရေးနှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားများအတွက် တရားမဝင်ဘဂါလီခိုးဝင်မှုများကို ဥပဒေနှင့်မညီဘဲ အခကြေးငွေရယူကာ ဆောင်ရွက်လာခဲ့ကြပါသည်။ ယခုလို ဘဂါလီခိုးဝင်မှုများကို AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိ မင်းခန့်၏စေခိုင်းမှုဖြင့် ဘဂါလီပွဲစားများနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့သူ၊ AA အဖွဲ့တွင် ရိက္ခာနှင့် စက်သုံးဆီများပို့ရန် သင်္ဘောဝယ်ယူခဲ့သူ၊ ကိုယ်တိုင်ရိက္ခာများ ဝယ်ပို့ခဲ့သူ ဇော်မင်းထွန်း (၁) စိုးမိုးလင်း (၂) ကိုညီ (၃) ဦးကျော်သန်းမြင့်နှင့် သာလီစွမ်နှင့်တီဆိုင်ပိုင်ရှင် အနုပညာရှင် ရခိုင်အဆိုတော် လှမောင်သိန်း (၁) ဘိုဝိုင်း (၃) ဦးကျော်လှတို့၏ ဝန်ခံထွက်ဆိုချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်–**

**ဇော်မင်းထွန်း(၁) စိုးမိုးလင်း (၂) ကိုညီ (၃) ဦးကျော်သန်းမြင့်၏ ဝန်ခံထွက်ဆိုချက်**

တတိုင်းရ အမည်ရှိ တရားမဝင်လှေ၏ ယာဘက်ခြမ်းအား တွေ့မြင်ရပုံ။

လမင်းမေတ္တာ–၇ အမည်ရှိ တရားမဝင်လှေ၏ ဝဲဘက်ခြမ်းအား တွေ့မြင်ရပုံ။

ကျွန်တော့်ကို ရသေ့တောင်မြို့နယ်က မဆဲကန်းမြို့က ကိုထွန်းက မိတ်ဆက်ပေးပါတယ်။ စစ်တွေက ကိုကျော်နိုင်နဲ့ သိတယ်။ ကိုကျော်နိုင်က တစ်ခါထပ်ပြီး မိတ်ဆက်ပေးလို့ AA အကြမ်းဖက်အဖွဲ့က ကိုနေမိုးအောင်နဲ့သိပါတယ်။ ကိုရင် (၁) ကိုမျိုးကိုကို ကိုသိတာ စစ်တွေက ကိုနေမိုးအောင် မိတ်ဆက်ပေးလို့ သိတာပါ။ သူက စစ်တွေ၊ မြောက်ဦး၊ ပေါက်တောဘက်မှာ နေပါတယ်။ ပုစွန်ကန်တွေ၊ ငါးဖမ်းသင်္ဘော သုံးစင်းရှိပါတယ်။ အဲဒီသင်္ဘော သုံးစင်းက ရွှေသဇင်၊ လမင်းမေတ္တာ၊ တတိုင်းရဖြစ်ပါတယ်။ အဲ့ဒါ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ AA အကြမ်းဖက်အတွက် စက်သုံးဆီတွေ တင်လာရာမှာ အဖမ်းခံရပါတယ်။ အဲဒီသင်္ဘောတွေကို ဦးစီးစောင့်ရှောက်ဖို့အတွက်၊ ကျွန်တော့်ကို လုပ်ကိုင်ဖို့အတွက်၊ ဦးစီးဦးဆောင်လုပ်ဖို့ အတွက် ကျွန်တော့်ကို ကိုမျိုးကိုကိုက ခိုင်းထားပါတယ်။ ရွှေသဇင်သင်္ဘောကို သိန်းနှစ်ထောင့် သုံးရာနဲ့ ဝယ်ထားပါတယ်။ တတိုင်းရက သိန်းငါးရာပါ၊ လမင်းမေတ္တာက သိန်းလေးရာပါ၊ အဲဒီသင်္ဘောတွေမှာ စာချုပ်မှာ လက်မှတ်ရေးထိုးရာကတော့ သူတို့မလာတော့ ကျွန်တော် ကိုယ်တိုင် လက်မှတ်ထိုးလိုက်ပါတယ်။ အရောင်းအဝယ်စာချုပ်မှာ။ ကိုရင် (၁) ကိုမျိုးကိုကို သူက AA က ဗိုလ်မှူးကြီးအဆင့်ရှိသူ ကိုမင်းခန့်နဲ့ သိပြီးတော့ AA အဖွဲ့အတွက် စက်သုံးဆီတွေ၊ ရိက္ခာတွေ အကုန်လုံး သူကထောက်ပံ့ပေးတယ်။ ကျွန်တော့်ကို ကိုမျိုးကိုကို မိတ်ဆက်ပေးတာက AA က ဗိုလ်မှူးကြီးအဆင့်ရှိ မင်းခန့်နဲ့ မိတ်ဆက်ပေးတယ်။ သူက တော့ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဘက်မှာ လှုပ်ရှားနေတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်နဲ့ မြောက်ဦးမှာ တစ်ခါ တွေ့ပါတယ်။ နောက်ပိုင်းက ကျွန်တော်နဲ့ တယ်လီဂရမ်မှာ အဆက်အသွယ်ရှိပါတယ်။ ရသေ့တောင်မြို့နယ်၊ အုတ်ဖိုရွာတစ်မိုင်ခန့် အကွာ အဲဒီမှာ AA စခန်း အဲဒီမှာကျွန်တော်က ကိုရင် (၁) ကိုမျိုးကိုကိုက ပြောလို့ ကိုမင်းခန့်နဲ့ သွားတွေ့ပါတယ်။ ဘဂါလီကိစ္စကို အခွန်ကောက်ဖို့ ကိစ္စအကြောင်း သွားတွေ့ပါတယ်။ ကျောက်တော်က ဇီးချောင်းဆည် AA က သိမ်းထားတယ်လို့ ပြောပါတယ်။ အဲဒီမှာ ကိုမျိုးကိုကိုက ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ လူ ၄၅ ယောက်လောက် ရှိပါတယ်။ ဘဂါလီ အကြောင်း အလုပ်ကိစ္စဆွေးနွေးပြီးတာနဲ့ အဲဒီမှာ ကိုမျိုးကိုကိုက အဲကနေ ပြန်လွှတ်လိုက်ပါတယ်။ AA က ဗိုလ်မှူးကြီးအဆင့်ရှိ ကိုမင်းခန့်က ကျွန်တော့်ကို ဘာခိုင်းထားလဲဆိုတော့ ဒီအခွန်မဆောင်တဲ့ ဘဂါလီတွေ၊ ခိုးဝင်တဲ့ ဘဂါလီတွေ၊ အခွန်မဆောင်တဲ့ ငါးဖမ်းလေ့တွေ၊ AA ကထွက်ပြေးတဲ့ စစ်ပြေးတွေ အဲ့ဒါတွေကို ကျွန်တော့်ကို တယ်လီဂရမ်ကနေပြီးတော့ သတင်းပို့ခိုင်းပါတယ်။ ကျွန်တော် မောင်တောကာ Hamidula, Abdu Zawle Nawziamauk

တတိုင်းရနှင့် လမင်းမေတ္တာ–၇ အမည်ရှိ တရားမဝင်လှေတို့၏ ဦးပိုင်းအား တွေ့မြင်ရပုံ။

တို့နဲ့ AA အကြမ်းဖက်အဖွဲ့နဲ့ ကိုနေမိုးအောင်တို့နဲ့ တရားမဝင်ဘဂါလီ ၄ ကြိမ် ခိုးသွင်းခဲ့ပါတယ်။ ဘဂါလီပွဲစားတွေ ပြောကြားချက်အရ ခိုးဝင်ဘဂါလီတွေက ဒီ AA အဖွဲ့တွေကို တစ်ယောက်ကို နှစ်သိန်းဆီ အခွန်ဆောင်ရပါတယ်။ တစ်လကို နှစ်ကြိမ်ဝင်ပါတယ်။ တစ်ကြိမ်မှာတော့ ၇၀ ကနေ ၁၀၀ တန်းရှိပါတယ်။ ပြီးရင် ဘဂါလီပွဲစားတွေပို့တဲ့ စက်လေ့ကတစ်ယောက်ကို ၇ သိန်း ရပါတယ်။ ဘဂါလီပွဲစားတွေကတော့ တစ်ယောက်ကို သိန်းနှစ်ဆယ်ရပါတယ်။ အဲဒီကနေပြီး ရေးမော်လမြိုင်ဘက်သွား၊ရေးမော်လမြိုင် ဘက်ကနေ ထိုင်း၊ မလေးရှားသွားပါတယ်။ AA အဖွဲ့အနေနဲ့ တစ်ရာသီကို ငါးဖမ်းသင်္ဘောတစ်စင်းကို ဆယ်သိန်းစီနဲ့အခွန် ကောက်ပါတယ်။ ကိုရင်(၁) ကိုမျိုးကိုကိုက ဒီသင်္ဘောတွေပေါ်မှာ ဂြိုဟ်တုဖုန်း သုံးလုံး ဝယ်ထည့်ပေး လိုက်ပါတယ်။ ဂြိုဟ်တုဖုန်းတစ်လုံးက သိန်းလေးဆယ် ကျပါတယ်။ ပြီးရင် Radar ဝယ်ဖို့ ပြောပါတယ်၊ Radar က တစ်လုံးကို သိန်းသုံးရာ လောက်ကျတယ်ဆိုတော့ မဝယ်ဖြစ်ပါဘူး။ အကွာရာဆိုတာကတော့ ၂၀၂၃ ခုနှစ်မှာ ကိုမျိုးကိုကို မိတ်ဆက်ပေးထားလို့ သူက စစ်တွေရောက်ဆိုတော့ အကွာရာက စက်ပစ္စည်းတွေ၊ အင်ဂျင်ပိုင်တွေ ဝယ်ပေးပါတယ်။ ငွေကတော့ Kpay တို့ Wave money တို့ကနေပြီးတော့ သူ့ကို လွှဲပေးရပါတယ်။ ကျွန်တော်ရန်ကုန်ရောက်တော့ အဲဒီမှာ ကိုမျိုးကိုကိုတို့၊ ကိုမင်းခန့်တို့က ရခိုင်ဆင်းလာဖို့ ခေါ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်မိန်းမက မှတ်ပုံတင်မရှိလို့ မှတ်ပုံတင်အတု လုပ်ပါတယ်။ မှတ်ပုံတင်အတုလုပ်ပြီးတော့ အိမ့်သူလင်း နာမည်နဲ့ ၈၀၀၀၀ ကျပါတယ်။ ၈၀၀၀၀ ကျတာကို တစ်သိန်းပေးလိုက်ပါတယ်။ နောက်တစ်ရက်ဆိုရင် ကျွန်တော်ကနေပြီး သွားယူပါတယ်။ ဘိုဘိုဝင်း သာလီစွမ်နှင့်တီဆိုင်မှာ သွားယူပါတယ်။ သွားယူပြီးတော့ ကျွန်တော့် မိန်းမကနေပြီးတော့ မန္တလေးဘက် သွားတယ်။ ကျွန်တော် ကနေပြီး ရခိုင်ကို တောလမ်းကနေပြီး သွားပါတယ်။ ဒီဇင်ဘာလ ၂၉ ရက်နေ့ ကျွန်တော့်ကို အဲဒီမှာ ကိုရင် (၁) ကိုမျိုးကိုကိုကနေပြီးတော့ ဒီဘိုဝင်းဆီမှာ ကားလက်မှတ်ယူပြီးတော့ ကျွန်တော့်ကို ရွှေပွင့်ဖြူကားနဲ့ လိုက်ခိုင်းပါတယ်။ လိုက်ခိုင်းပြီးတော့ မင်းဘူးမရောက်ခင် ၅ မိုင် ကနေပြီးဆင်းလို့ ပြောပါတယ်။ အဲဒီမှာ ကိုဇော်မိုးနဲ့ အဘာစံနဲ့ ဆက်သွယ်ရမယ်လို့ ပြောပါတယ်။ အဲဒီမှာ ကျွန်တော် လမ်းမှာ အဖမ်းခံရပါတယ်။ ခိုးဝင်ဘဂါလီဆီက ကောက်တဲ့ ပိုက်ဆံနဲ့ စက်သုံးဆီတွေ၊ ရိက္ခာတွေကို AA အဖွဲ့အတွက် ဝယ်ပေးရပါတယ်။ ကျွန်ုတော်တို့ကဝယ်ပြီး ကိုနေမိုးအောင်ကို အပ်ပေးရပါတယ်။ ကိုနေမိုးအောင်နဲ့ ဗိုလ်မှူးကြီးမင်းခန့်တို့ကပဲ စီစဉ်ပါတယ်။ ကျွန်တော် အခုရခိုင်ကို ရန်ကုန်ကနေပြီး ပြန်လာတာလည်း မပြန်ရင် ကျွန်တော် အသတ်ခံရမှာစိုးလို့ ကျွန်တော့် အမေဟိုမှာရှိတယ်၊ အသက်၇၀ ကျော်ပြီ အသတ်ခံရမှာစိုးလို့ အဲဒါကြောင့် ဒီကားလက်မှတ်နဲ့ပြန်ရင် ကျွန်တော် အဖမ်းခံရမယ်ဆိုတာ ကျွန်တော် သိတယ်။ ဒါပေမယ့်လည်း အသတ်ခံရမှာစိုးလို့ ကျွန်တော်ပြန်တယ်။ ရန်ကုန်မှာကျွန်တော် ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားသောက်ချင်တယ်။ အဲဒီမှာ ကျွန်တော့် မိန်းမက လည်း ကျွန်တော်နဲ့ မပေါင်းဘူးဆိုပြီး တော့ သူမန္တလေးဘက် ထွက်သွားလိုက်တယ်။ နှစ်ရက် သုံးရက် ကျွန်တော် ဖျားတယ်။ ကျွန်တော် မသွားဘူးလို့ ကျွန်တော် တွေးတယ်။ လွမ်းလို့ အိပ်မက်တွေ မက်တယ်။ *စာမျက်နှာ ၁၂ သို့*

တတိုင်းရ အမည်ရှိ တရားမဝင်လှေ၏ စက်မကြီးအား တွေ့မြင်ရပုံ။

လမင်းမေတ္တာ–၇ အမည်ရှိ တရားမဝင်လှေ၏ စက်မကြီးအား တွေ့မြင်ရပုံ။

*စာမျက်နှာ ၁၁ မှ*

ကျွန်တော့်အမေနဲ့ တွေ့ရမယ်ဆိုပြီးတော့ ကျွန်တော့်ကြောင့် မိသားစုတွေ ဒုက္ခရောက်တော့မယ်ဆိုတာ သိတယ်။ မထူးဘူးလို့၊ မိန်းမ နင်နဲ့ မပေါင်းဘူးတဲ့၊ မိန်းမကတော့ ထားလိုက်တော့ အမေက ကျွန်တော် ဆေးဖိုးဝါးခ ပေးနေရတာ တစ်လကို ၁၅ သိန်းလောက် ကုန်တယ်။ အဲ့ဒါနဲ့ ကျွန်တော်သွားတာ၊ ဒါပေမယ့် ခိုင်းတာတော့ခိုင်းပြီးတော့ ကျွန်တော့်ကို တစ်ယောက်မှ တာဝန်ယူမယ့်သူ မရှိဘူးလေ။ တာဝန်မယူတဲ့အခါကျတော့ အဲဒီ ခုံနံပါတ်ကို ဒီကားတစ်စီးလုံးမှာ ကျွန်တော် တစ်ယောက်တည်းပါတာ၊ တိတိကျကျ အဖမ်းခံရတယ် ကျွန်တော့်ကို။ သူတို့ခိုင်းလို့ ကျွန်တော် ကြောက်လို့လုပ်ရတာပါ။ အခုကျတော့ ဒီဟာလုပ်တာတွေကို ကျွန်တော် နောင်တရပါပြီ။ ကျွန်တော့် အမေနဲ့လည်း ကျွန်တော် ပြန်တွေ့ချင်ပါတယ်။ ကျွန်တော်နောက်မလုပ်တော့ပါဘူး။

**သာလီဖွ မုန့်တီဆိုင်ပိုင်ရှင် အနုပညာရှင် ရခိုင်အဆိုတော် လှမောင်သိန်း(ခ)ဘိုဝိုင်း (ဘ)ဦးကျော်လှ**

၂၀၁၅ ခုနှစ်မှာ ဒီအနုပညာလုပ်ငန်းထဲ စတင်ရောက်လာပြီးတော့ ၂၀၁၆ မှာပဲ ကျွန်တော် တေးစီးရီး အယ်လ်ဘမ်တစ်ခွေ **"ကြောက်စိတ်ဖယ်ထား ရခိုင်သား"** ဆိုတဲ့ တေးစီးရီးတစ်ခွေ ထုတ်ခဲ့ပါတယ်ခင်ဗျ။ ၂၀၁၉ ခုနှစ် မတလထဲမှာ ဒီ AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိတဲ့ ကိုဇော်မင်းဦး ထူထောင်ထားတဲ့ စတိတ်ရှိုးမှာ သီချင်းလေးခါဆိုဖူးပါတယ်။ အဲဒီလေးခါဆိုဖူးတဲ့ အထဲမှာ ဒီနောက်ဆုံးသီချင်းဆိုတဲ့နေ့ မနက်ဖိုးလင်းတာနဲ့ ကျွန်တော် စစ်တွေက ကိုယ့်အိမ်ကိုပြန်တဲ့အခါ သူ့မှာအလုပ်သမားတစ်ယောက်နဲ့ ကျောပိုးအိတ်တစ်လုံးနဲ့ ကျွန်တော်နဲ့ ပုဏ္ဏားကျွန်းကို လမ်းကြုံထည့်ပေးလိုက်ပါတယ်။ စျေးထဲကိုရောက်တော့ အဲဒီမှာလူတစ်ယောက် လမ်းကို ထွက်ပြီး စောင့်နေပါတယ်။ အဲဒီအထုပ်ကို သူ့ကိုပေးထားခဲ့လိုက်ပါတယ်။ လိုက်လာတဲ့ ညီလေးကိုကျတော့ အဲဒီနားမှာ ကျွန်တော်ထားခဲ့လိုက်ပါတယ်။ အဲဒီမှာ နောက်တစ်ခါ ကျွန်တော်ပြန်ပြီးတော့ အဲဒီဘက်သွားရင်းနဲ့ အဲဒီညီလေးနဲ့ ကျွန်တော်တို့ တွေ့ကြတယ်။ သူ့ကို မေးကြည့်တယ် **"ညီလေး ဟိုတစ်ခါ တုန်းကပေးလိုက်တဲ့ အထုပ်ကဘာလဲ တိပ်အဝါလေးနဲ့ပတ်ထားတဲ့အရာ၊ အဲဒီ ထဲမှာ မူးယစ်ဆေးဝါးလို့ သူပြောပါ တယ်။"** အဲဒီအခါကျမှ ကျွန်တော်က သိခဲ့ရတာပါ။ ၂၀၂၂ ခုနှစ် ၁၀ လပိုင်းထဲမှာ AA တပ်ဖွဲ့မှ တာဝန်ရပ်စဲခံထားရတဲ့ ဗိုလ်ကြီး အဆင့်ရှိ ကိုဇော်မင်းဦးနဲ့ ကျွန်တော် အဆက်အသွယ် ကြားထဲမှာ ပြတ်ခဲ့ပါတယ်။ လုံးဝအဆက်အသွယ်မရခဲ့ပါဘူး။ ပြီးတော့မှ ၂၀၂၂ ခုနှစ် ၁၁ လပိုင်းမှာ ကျွန်တော် အဆက်အသွယ် ပြန်လည်ရခဲ့ပါတယ်။ ထီးချိုင့်ဘက် ရောက်နေတယ်။ မင်းဝဲ့ဆီကိုလာပြီး အသိတစ်ယောက်ဆီ မင်းဝက်မွေးမြူရေးသင်တန်းတက်ပါလားဆိုပြီး ကျွန်တော့်ကို ခေါ်ပါတယ်။ သူ့ဆီကို တက်သွားရပါတယ်။ အဲဒီမှာ အဲဒီဝက်ဆရာဆီမှာ ကျွန်တော် တစ်လကျော် နှစ်လနီးနီးလောက် ဝက်ပညာတွေသင်ပြီးတော့ ကျွန်တော်ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်သိလိုက်ရတာက AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိ ကိုဇော်မင်းဦး AA အဖွဲ့မှာပြန်ပြီး အလုပ်ပြန်လုပ်နေတာကို ကျွန်တော်သိခဲ့ရပါတယ်။ ၂၀၂၃ ခုနှစ် ၂ လပိုင်းထဲမှာ AA အဖွဲ့က ကိုဇော်မင်းဦးက မန္တလေးမှာ တစ်လကို အိမ်တစ်အိမ် ၂ သိန်းခွဲနှုန်းနဲ့ ငှားပြီး ကျွန်တော့်ကို ထားခဲ့ပါတယ်။ လိုအပ်တဲ့ ကားပစ္စည်းတွေ ဝယ်ဖို့ ကျွန်တော့်ကို အိမ်ငှားခိုင်းလို့ အိမ်ငှားပေးခဲ့ပါတယ်။ ကျွန်တော်မန္တလေးမှာနေတုန်းက ဒီ AA အဖွဲ့က ဗိုလ်ကြီး အဆင့်ရှိတဲ့ ကိုဇော်မင်းဦးကို ကျွန်တော် ကားပစ္စည်းတွေလေးခါလောက်ကျွန်တော် ပို့ပေးခဲ့ပါတယ်။ ပြီးတော့ စာအုပ်တွေ တစ်ကြိမ် ကျွန်တော် ပို့ပေးခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့်ကို ပြောတာက နောက်ဆိုရင် ဒီအရေးကြီးတဲ့ပစ္စည်းတွေကို ပို့ရမယ်ဆိုပြီးတော့ ကျွန်တော့်ကို အမှားအယွင်းဖြစ်လို့မရဘူး ပို့ပေးရမယ်၊ အဲဒီလိုဟာတွေပြောလာတာတွေရှိပါတယ်။ ဒီ AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိ ကိုဇော်မင်းဦးနဲ့ ကျွန်တော်က အပြောအဆိုတွေ အဆင်မပြေတော့လို့ ကျွန်တော်က ချက်ချင်းပဲ ကျွန်တော်ရခိုင်ကို ပြန်သွားပါတယ်။ ပြီးတော့ ရခိုင်အဆိုတော် မယုယလှိုင်နဲ့ ပျဉ်းမနားမှာ မုန့်တီဆိုင် ဖွင့်ဆိုပြီးတော့ မိသားစုနဲ့ ပျဉ်းမနားကို ပြောင်းခဲ့ကြပါတယ်။ ပျဉ်းမနားမှာ သာလီဖွဆိုတဲ့ မုန့်တီဆိုင်ဆိုပြီး သုံးလ ဖွင့်ခဲ့ပါတယ်။ ပြီးမှ ၈ လပိုင်း ကျွန်တော်တို့ ရန်ကုန်ကိုရောက်ပါတယ်။ ရန်ကုန်မှာက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် ၃၁ လမ်းထိပ် သာလီဖွမုန့်တီဆိုင်ဆိုပြီးတော့ ဖွင့်ပါတယ်။ ဒီ ၂၀၂၃ ခုနှစ်၁၁လပိုင်းမှာဒီရန်ကုန်ကနေပြီးတော့ ရခိုင်ကို သီချင်းဆိုမယ် ဆိုပြီးတော့ ကျွန်တော်တို့ဆရာ ဆရာအောင်ဂျမ်း ကနေပြီးတော့ ပွဲခေါ်တာနဲ့ ၁၁ လပိုင်းမှာ ဆင်းသွားလိုက်ပါတယ်။ ရက် ၄၀ လောက် ကျွန်တော်နေခဲ့ပါတယ်။ ပြီးမှကျွန်တော့် သူငယ်ချင်း အကူရာက ကျွန်တော် ရောက်နေတာသိပါတယ်။ ကျွန်တော့် အိမ်နီးနီးဆိုတော့ ကျွန်တော့်ဆီကိုလာခဲ့ပါတယ်။ ကျွန်တော်က သူ့ကိုပြောပြပါတယ်။ ဒီမှာ ငါလည်းအဆင်မပြေဘူး။ မင်းအလုပ်လုပ်မလား သူငယ်ချင်း။ ရန်ကုန်မှာ ဘောစိတစ်ယောက်ရှိတယ်။ မင်း ရန်ကုန်သွားရင် အဲဒီဘောစိနဲ့ အလုပ်လုပ်လို့ရတယ်ဆိုပြီးတော့ သူငယ်ချင်း အကူရာက ကျွန်တော့်ကို ပြောပါတယ်။ ရန်ကုန်ကို တက်လာခဲ့လိုက်ပါတယ်။ ကျွန်တော် ရန်ကုန်ကို ရောက်တဲ့အခါ ကျတော့ ဇော်မင်းထွန်း (ခေါ်)စိုးမိုးလင်း (ခေါ်) ကိုညီနဲ့ ကျွန်တော် ဖုန်းဆက်သွယ်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ညီလေး တစ်ရက်ထပ်တွေ့ရအောင်ဆိုပြီး တော့ ကျွန်တော့်ကို ချိန်းပါတယ်။ နောက်တစ်နေ့မှာ တာမွေ၊ ကျောက်မြောင်း အရှေ့ဘက်က RV ဆိုင်မှာ ကျွန်တော်တို့ တွေ့ခဲ့ကြပါတယ်။ အဲဒီနေ့က တွေ့ပြီးတော့မှ အလုပ်ကိစ္စလေးတွေ ပြောပါတယ်။ သင်္ဘောကို သွားကြည့်ပေးရပါမယ်။ သင်္ဘောပေါ်မှာ လူဘယ်နှယောက်ရှိလဲ၊ သင်္ဘောကဆီတွေကို ခိုး၊ မခိုးဆိုတာကို စစ်ဆေးပေးရမယ်ဆိုပြီးတော့ ကျွန်တော့်ကို ပြောပါတယ်။ နောက်တစ်နေ့မှာ ကျွန်တော့်ကို ဖုန်းဆက်လာပါတယ်။ မိန်းမ မှတ်ပုံတင်က အပိတ်ခံထားရတယ်။ သူက မှတ်ပုံတင် အတုတစ်ခုလုပ်ချင်တယ်။ ဇော်မင်းထွန်း (ခေါ်) စိုးမိုးလင်း (ခေါ်) ကိုညီရဲ့ မိန်းမရဲ့ မှတ်ပုံတင်အတုကို ကျွန်တော်ပိုက်ဆံ ၈ သောင်းနဲ့ ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို ပိုက်ဆံ တစ်သိန်း ပေးလိုက်တယ်။ ပြီးတော့လုပ်ခက ၈ သောင်း ပေးခဲ့ရပါတယ်။ ပန်းဆိုးတန်း ကုလားဆိုင်မှာ မှတ်ပုံတင်အတုအိမ်ခွဲသူလင်းနာမည်နဲ့ ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ ဇော်မင်းထွန်း (ခေါ်) စိုးမိုးလင်း (ခေါ်) ကိုညီကနေပြီးတော့ ဖုန်းဆက်လာပါတယ်။ ကားလက်မှတ် တစ်စောင် လောက် ချိတ်ပေးဖို့ပြောပါတယ်။ ရှေ့ပွင့် ဖြူကားနဲ့ မင်းဘူးဘက်ကို သွားမယ်ဆိုပြီး တော့ ကားလက်မှတ်တစ်စောင် ဖြတ်ပေးခဲ့ပါတယ်။ ကျွန်တော်အပြင်မှာ ၂ ခါ၊ ကျွန်တော်တို့ ဆိုင်မှာ ၃ ခါဆိုရင် ၅ ခါ လောက်တွေ့ဖူးပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ကျွန်တော်တို့ တောင်ဥက္ကလာပ သာလီဖွ မုန့်တီဆိုင်မှာ ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ ကျွန်တော်အခုလို အကုန်လုံး မိသားစု ရိုးရိုးသားသားလေး ဒီလိုလုပ်စားနေကြတာပေါ့လေ။ လုပ်စားနေကြတာမှာ ဒီလိုဒုက္ခရောက်စေမယ့် ဟာမျိုး၊ အဲဒီလိုလုပ်စားနေတာကိုကျွန်တော်တို့လို ရိုးရိုးသားသား ဒီလိုလုပ်စားနေတာ မျိုးကို ဒီလိုဒုက္ခရောက်မယ့် ကိုယ့်စီးပွားနဲ့ လုပ်စားနေတဲ့ဘဝလေးကို ဘာမဟုတ်တဲ့ အစွန်းအထင်းတွေနဲ့ ဘဝတွေကို မဖျက်ဆီးပါနဲ့လို့၊ AA အဖွဲ့အနေနဲ့ ဒီလိုအသုံးမချပါနဲ့လို့ ဒီကနေပြီးတော့ တောင်းပန်ပါတယ်။ ဒီလိုရိုးသားတဲ့ ဘဝတွေ ခဏလေးနဲ့ ဆုံးရှုံးသွားတာကို ရင်နာမိပါတယ်လို့ ပြောချင်ပါတယ်။ ။

တတိုင်းရမှ တရားခံများ (ဝမ္မယာ)– တင်မောင်ထွန်း (စက်ဆရာ)၊ ထွန်းလွင် (ပဲ့နင်းငယ်)၊ ညီညီထွန်း (လေ့သား)၊ စန်းနိုင်ဦး (ပဲ့နင်းကြီး)။

လမင်းမေတ္တာ–၇ မှ တရားခံများ (ဝမ္မယာ)– မျိုးမင်းဝင်း (ပဲ့နင်း)၊ ရဲထွဋ်သန်း (ပဲ့နင်းငယ်)၊ သိန်းဇော်ဦး (စက်ဆရာ)၊ မြတ်ကိုဦး (လေ့သား)။

## သရက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုးအောင်ထန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကလေးအလုပ်သမား ပပျောက်ရေးအတွက် မိမိဌာနကအသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသက် (၁၈) နှစ် မပြည့်သေးသူကို အန္တရာယ်ရှိသော အလုပ်ခွင်တွင် ခိုင်းစေ၍ မရကြောင်းနှင့် ကလေးအလုပ်သမား၏ အသက်အရွယ်တို့ကို ပြောကြားပေးကြောင်း သိရသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ဖိမ်းလဲ့ရည်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးသူငယ်များ၏ ရပိုင်ခွင့်၊ ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေပါက ချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များကို ပြောကြားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကံမမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့်ဧရိယာများကို စုပေါင်းလယ်ကြားမြောင်းဖောက်လုပ်

**ကံမ ဖေဖော်ဝါရီ ၇**

သရက်ခရိုင် ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးမည့် ဧရိယာများတွင် စုပေါင်းလယ်ကြား မြောင်းဖောက်လုပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ပွတ်စုကျေးရွာ ကွင်းအမှတ် (၁၆၂–ခ)၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဖြတ်ထွန်းဦးက လယ်ကြားမြောင်း ဖောက်လုပ်ရခြင်း ရည်ရွယ်ချက်ကို ဆွေနွေးမှာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက နွေစပါးလျာထား ၁၈၇ ဧက ပြည့်မီအောင် စိုက်ပျိုးရေး၊ တစ်ဧက တင်း ၁၅၀ ထွက်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ဆာဗိုးသာမျိုး ပြောင်းလဲစိုက်ပျိုးရေး၊ ပျိုးထောင်စိုက်နှင့် Seeder စိုက် အသုံးပြုလျက် စိုက်နည်းစနစ် မှန်ကန်ရေး၊ သွင်းအားစုများ ထည့်သွင်းရေး၊ လယ်ကြားမြောင်းများ ဖောက်လုပ်ရေး၊ ကွင်းဆင်းပညာပေးရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက တောင်သူများ၏ စုပေါင်းလယ်ကြားမြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုသည်။ ထို့နောက် နွေစပါးစိုက်ပျိုးမည့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ကျေးရွာအုပ်စု လုပ်ငန်းအဖွဲ့ (Task Force) အဖွဲ့ခေါင်းဆောင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ပြီး နွေစပါးစိုက်ပျိုးမည့်တောင်သူများအား အားပေးစကား ပြောကြားခဲ့ကြောင်းနှင့် ကံမမြို့နယ်၌ ယခုနှစ်တွင် မဒေးဆည်ရေသောက် ဧရိယာအတွင်း နွေစပါး ၁၇၂၇ ဧကနှင့် ခြောက်ထောင့် ဆိုလာလျှပ်စစ်ရေတင် ဧရိယာအတွင်း ဧက ၁၀၀ စုစုပေါင်း ၁၈၂၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၂၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ညောင်လေးပင်မြို့နယ်၌ ပဲတီစိမ်းစိုက်ခင်း အထွက်နှုန်းကောင်း၍ ရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

ညောင်လေးပင် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းသော ပဲတီစိမ်းစိုက်ခင်း ရိတ်သိမ်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့နယ် ဝဝန်းကျေးရွာအုပ်စု စဒွန်းကုန်းကျေးရွာရှိ တောင်သူ ဦးညွှန့်ဝေ၏ ပဲတီစိမ်းစိုက်ခင်းတွင် စတင်ရိတ်သိမ်းသည်။

ပဲတီစိမ်းစိုက်ခင်းရိတ်သိမ်းရာသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုအားပေးကာ ယခုထက်မက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပဲတီစိမ်းစိုက်ခင်း ရိတ်သိမ်းရာသို့ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တစ်ဧကလျှင် ပဲတီစိမ်း ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## နိုင်ငံတကာသတင်း

## ပါကစ္စတန်၌ ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလိုတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၂၄ ဦးထက်မနည်း သေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၇

**ပါကစ္စတန်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလိုတွင် ကြောက်မက်ဖွယ်ပေါက်ကွဲမှုကြီး နှစ်ခုဖြစ်ပွားခဲ့သည်ဟု သိရသည်။**

ဖေဖော်ဝါရီ ၇ ရက်က နိုင်ငံအနောက်တောင်ပိုင်းရှိ ကိုယ်စားလှယ်လောင်းများရုံးအနီးတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ ၂၄ ဦးထက်မနည်း သေဆုံးခဲ့သည်။ မဲပေးမှုကို နှောင့်ယှက်ဟန့်တားရန်အတွက် အကြမ်းဖက်သမားများက တိုက်ခိုက်ခြင်းဖြစ်သည်ဟု အာဏာပိုင်များက ယူဆကြသည်။

အနောက်တောင်ပိုင်းပြည်နယ် ဘလိုချစ်စတန်တွင် ပေါက်ကွဲမှုနှစ်ခုစလုံး ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ တစ်ခုမှာ ပြည်တွင်းလွတ်တော် ကိုယ်စားလှယ်လောင်းများရုံးအနီးတွင် ဖြစ်ပွားခဲ့ပြီး ၁၂ ဦး သေဆုံးကာ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ နောက်ထပ်ပေါက်ကွဲမှုတစ်ခုမှာလည်း ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများရုံးအနီးတွင် ဖြစ်ပွားခဲ့ပြီး ၁၂ ဦး သေဆုံးခဲ့သည်။

အထွေထွေရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အင်နိန်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံရှိ မီးရှူးမီးပန်းစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၁၇၀ ကျော် ဒဏ်ရာရ

**နယူးဒေလီ ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံတွင် ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၁၇၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ပေါက်ကွဲမှုမှာ မက်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို ရဲများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့်မီးခိုးငွေ့များကို ဗီဒီယိုမှတ်တမ်းတွင် တွေ့ရှိရသည်။ စက်ရုံအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိသည်။

အစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်ရုံလည်ပတ်နေသည့်အတွက် စက်ရုံပိုင်ရှင်ကို ဖမ်းဆီးထားကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြကြသည်။ အိန္ဒိယနိုင်ငံတွင် မီးရှူးမီးပန်းဝယ်လိုအားမှာ မြင့်မားလျက်ရှိပြီး ပွဲတော်နေ့အခမ်းအနားများနှင့် မင်္ဂလာဆောင်များတွင် မီးရှူးမီးပန်းပစ်ဖောက်လေ့ ရှိကြသည်။ သို့သော်လည်း မီးရှူးမီးပန်းစက်ရုံများတွင် လူသေဆုံးစေသည့် မတော်တဆမှုများ မကြာခဏ ဆိုသလို ဖြစ်ပွားလေ့ရှိရာ လုံခြုံစိတ်ချစွာ ထုတ်လုပ်နိုင်ရေးမှာ ပြဿနာတစ်ခု ဖြစ်နေဆဲဖြစ်သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းကလည်းတောင်ပိုင်းပြည်နယ်ဖြစ်သည့် တမီးလ်နန်ဒူတွင် မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၀ ဦးကျော် သေဆုံးခဲ့ရသည်။ **အင်နိန်အိတ်ချ်ကေ**

## ဟွန်းပြည်နယ်အလယ်ပိုင်းကို ပစ်မှတ်ထားပြီး အစ္စရေးဒုံးကျည်ဖြင့်တိုက်ခိုက်မှုတွင် ခုနစ်ဦးသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၇**

ဆီးရီးယားနိုင်ငံ ဟွန်းပြည်နယ် အလယ်ပိုင်းဒေသများကို ပစ်မှတ်ထားသည့် ဖေဖော်ဝါရီ ၇ ရက်က အစ္စရေးဒုံးကျည်တိုက်ခိုက်မှု တစ်ခုတွင် ခုနစ်ဦး သေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ကျန်းမာရေး အရာရှိ တစ်ဦးက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုကြောင့် ဟွန်းမြို့ရှိ အယ်ဟမ်ရာလမ်းပေါ်ရှိ လူနေအဆောက်အအုံတစ်လုံး ပြိုကျပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်ဆောင်ရွက်ပြီးချိန်တွင် သေဆုံးသူစာရင်းကို ဟွန်းပြည်နယ်ကျန်းမာရေး ညွှန်ကြားရေးမှူး ဒေါက်တာ အယ်အတာဆီက ဒေသမီဒီယာကို အသိပေးခဲ့ခြင်းဖြစ်သည်။

အစ္စရေး တိုက်ခိုက်မှုသည် ဖေဖော်ဝါရီ ၇ ရက် ဒေသစံတော်ချိန် ၀၀:၃၀ ချိန်တွင် လက်ဘနွန်မြောက်ပိုင်း ထရီပိုလီမှ ဟွန်းနှင့် အနီးဝန်းကျင်ဒေသများကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက် အစောပိုင်းက ဆီးရီးယားကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဒုံးကျည်တိုက်ခိုက်မှု အများအပြားကို ဆီးရီးယားလေတပ်က ကြားဖြတ်ပစ်ချခဲ့ကြောင်းနှင့် ဒုံးကျည်အနည်းငယ်မှာ အယ်လ်ကွိဆာ ကျေးလက်ဒေသပေါ် ကျခဲ့ပြီး အနီး၀န်းကျင်ဒေသကို မီးလောင်စေခဲ့သည်။

ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က တိုက်ခိုက်မှုပြီးနောက် ဟွန်းဒေသနှင့် အနီး၀န်းကျင်နေရာများတွင် ပေါက်ကွဲမှု ကိုးကြိမ်ကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

## ဇင်ဘာဘွေတွင် ကာလဝမ်းရောဂါ ဖြစ်ပွားမှုကျဆင်း

**ဟာရာရီ ဖေဖော်ဝါရီ ၇**

ဇင်ဘာဘွေနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် အစိုးရကအစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ကာလဝမ်းရောဂါဖြစ်ပွားမှုမှာ ကျဆင်းလာသည်ဟု အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောသည်။

ကျန်းမာရေးနှင့် ကလေးပြုစုစောင့်ရှောက်ရေးဝန်ကြီးဌာနက ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အစီအမံများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြန်ကြားရေး၊ ထုတ်ဝေရေးနှင့် အသံလွှင့်ဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီး ဂျန်ဖန်မူစ်ဝက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ တိုင်းပြည်အတွင်း ရောဂါကူးစက်မှုမြင့်မားသည့်နေရာများတွင် ကာကွယ်ဆေးတိုက်ကျွေးမှုများကို စတင်လုပ်ဆောင်ခဲ့သည်။

လာမည့် ၁၂ ပတ်တာကာလအတွင်း အစိုးရ၏ ကာလဝမ်းရောဂါတိုက်ဖျက်ရေးအစီအစဉ်တွင် ရောဂါဖြစ်ပွားမှုများပြားသည့်နေရာများတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကာလဝမ်းရောဂါ တုံ့ပြန်ရေးဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ရေးအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးမှုအစရှိသည်တို့ကို အာရုံစိုက်ကာ လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် အင်းထိပ်ဦး-ကျီးကိုင် ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၇**
(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြင်ဦးလွင်မြို့နယ်တွင် အင်းထိပ်ဦး - ကျီးကိုင် ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အင်းထိပ်ဦး ကျီးကိုင်လမ်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) က လမ်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင်ကုမ္ဍဏီမှ တာဝန်ရှိသူ တစ်ဦးက အင်းထိပ်ဦး–ကျီးကိုင် ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အမှတ်တရ လက်ဆောင် ပစ္စည်းများကိုအခမ်းအနားသို့ တက်ရောက်လာသော တာဝန်ရှိသူများထံ ပေးအပ်သည်။ ယင်းနောက် အင်းထိပ်ဦး– ကျီးကိုင် ကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်၍ လမ်းပိုင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ အင်းထိပ်ဦး - ကျီးကိုင်ကျေးရွာချင်းဆက်လမ်း (၂/၀ မိုင် x ၁၂ ပေ x ၁၅ လက်မ) ကတ္တရာလမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်ကုမ္ဍဏီက (၁/၃.၄) မိုင်အား တိုင်းဒေသကြီး ငွေလုံးငွေရင်း ဘဏ္ဍာရန်ပုံငွေကျပ် ၄၇၀ ဒသမ ၂၅၄ သန်းဖြင့် တင်ဒါအောင်မြင် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျန် (၀/၄.၆) ဖာလုံအား ကုမ္ဍဏီက လျှုဒါန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အင်းထိပ်ဦး - ကျီးကိုင် ကျေးရွာချင်းဆက်လမ်းကတ္တရာလမ်းသည် ကျေးရွာ လေးရွာ၊ အိမ်ခြေ ၈၄၄ အိမ်၊ လူဦးရေ ၃၇၃၇ ဦး၊ စိုက်ပျိုးမြေ ၈က ၅၅၀ ကို အကျိုးပြုမည့် လမ်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ကြီးမြို့ရှိ တက္ကသိုလ်၊ တောင်ကြီးပညာရိပ်သာ၊ ပညာရေးဒီဂရီကောလိပ်နှင့် ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် အတူ တောင်ကြီး ပညာရိပ်သာကို ရောက်ရှိကာ အိမ်ရာဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ၊ စုဝေးခန်းမ ဆောင်၊ အားကစားလေ့ကျင့်ရေးခန်းမ၊ အားကစားကွင်းနှင့် ယာဉ်ရပ်နားကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာ၊ မိသားစုအိမ်ခန်းများ စနစ်တကျ နေရာချထားရေး၊ အိမ်ရာလုံခြုံရေး၊ အားကစားလေ့ကျင့်ရေးခန်းမရှိ အားကစားပစ္စည်းများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အမှန်တကယ် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ခွဲဝေချထားပေးရေး၊ အိမ်ရာနေဝန်ထမ်းများ သွားလာရေး အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက တောင်ကြီး ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ ကာယလေ့ကျင့်ခန်းအစီအစဉ်ဖြင့် အတွဲ ၁၊ ၂ သွေးပူလေ့ကျင့်ခန်းဆောင်ရွက်နေမှု၊ ကျန်းမာရေး အတွက် လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုနှင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း ကစားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကမ္ဘောဇဆောင် ခန်းမ၌ တောင်ကြီး၊ လွိုင်ကော် ပညာရေး ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ အနာဂတ်ပဲ့ကိုင်ရှင် ဆရာ ဆရာမ လောင်းများဖြစ်ကြသဖြင့် ဘာသာရပ်များကို နှံ့စပ်စွာ နားလည်တတ်ကျွမ်းအောင် သင်ယူလေ့လာကြရန်၊ အလွတ်ကျက်မှတ်ခြင်း အစား စဉ်းစားတွေးခေါ်မှတ်သားကြရန်၊ သမိုင်းနှင့် ပထဝီဝင် ဘာသာရပ်များကို သိရှိနားလည်ကာ နိုင်ငံချစ်စိတ်မွေးမြူကြရန်၊ စည်းကမ်းရှိသော၊ ကိုယ်ကျင့်တရားကောင်းသော စံနမူနာပြ ဖြစ်ကြစေရန် မှာကြားပြီး အခြေခံပညာဦးစီးဌာန လေ့ကျင့်ရေး အလယ်တန်းကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ် စာမေးပွဲများ ဖြေဆိုနေမှုကို လည်းကောင်း၊ တောင်ကြီးတက္တသိုလ်နှင့် စာကြည့်တိုက်များကို လည်းကောင်း၊ စာသင်နှန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး သင်ကြားရေးဌာနများတွင် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် စားရိပ်သာများ၌ တောင်ကြီး ပညာရေးဒီဂရီကောလိပ်နှင့် လွိုင်ကော် ပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများအား တည်ခင်း ဧည့်ခံသည့် ညစာစားပွဲ သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အတန်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၇**
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန လက်အောက်ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ်တွင် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အတန်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ၊ စာပေးစာယူ-ဌာနမှူးများ၊ စစ်ကိုင်း တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဆရာ၊ ဆရာမများ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် ဘောလုံးအသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က အတန်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို စစ်ကိုင်း ပညာရေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ဆရာ ဆရာမလောင်းများ အနေဖြင့် ကာယနှင့်ဉာဏစွမ်းရည် ပြည့်ဝ စေရန်၊ တက္ကသိုလ်ဘောလုံး လက်ရွေးစင်မှတစ်ဆင့် ခရိုင်၊ တိုင်းနှင့် နိုင်ငံ့ဘောလုံးလက်ရွေး စင်အဆင့်သို့ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အတန်းပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် အလှူငွေနှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးကိုကိုက ပြိုင်ပွဲအတွက် ဘောလုံးလက်ဆောင် တို့ကို ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဒုတိယနှစ် (ပညာရေး) ဒုတိယနှစ် ဝက်အသင်းနှင့် ပဉ္စမနှစ် (ပညာရေး) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဉ္စမနှစ်အသင်းက ဒုတိယနှစ် (ဒုတိယနှစ်ဝက်) အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ပညာသင်နှစ် အတန်းပေါင်းစုံဘောလုံးပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီး ခြောက်သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## သမဝါယမအသင်းထုတ်ကုန်များ ခင်းကျင်းပြသရောင်းချ

**တောင်ကြီး ဖေဖော်ဝါရီ ၇**
(၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသေးစား၊ အလတ်စား၊ ဒေသထွက်ကုန်များ ပြသရောင်းချခြင်း အခမ်းအနားကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ယနေ့ ကျင်းပပြုလုပ်ရာ ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများ ဖြစ်သည့် ကျိုင်းတုံမြို့ရှိ အာခါစက်မှုကုန်ထုတ် သမဝါယမအသင်းမှ ရိုးရာဝတ်စုံများ၊ ညောင်ရွှေမြို့နယ်ရှိ အောင်စကြာ ပဒုမ္မာကြာသက်နီး စက်မှုလက်မှုရက်ကန်းကုန်ထုတ် သမဝါယမအသင်းမှ ကြာချည်ထည်များ၊ ရွှင်မြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော ကော်ဖီ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမ အသင်းစုချုပ်မှ ထုတ်လုပ်သည့် ဗေဒါသဘာဝမြေဩများကို ခင်းကျင်းပြသ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါ ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့အထိ ခင်းကျင်းပြသရောင်းချ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်သားများ၏ ရွပ်ရွပ်ချုံချုံ ခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၄ နာရီခန့်တွင် တပ်ရင်း၏မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တို့မှနေ၍ Drop Bomb များ၊ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တစ်ချိန်တည်းတွင် မြို့ဆိုးတံတားလုံခြုံရေးစခန်းနှင့် နှစ်တန့်ကူးတံတားလုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများက ရွပ်ရွပ်ချုံချုံ ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့သည့်အပြင် တိုက်ခိုက်ခံရသည်နှင့် တစ်ပြိုင်နက် တပ်မတော်မှ လေကြောင်းပစ်ကူ၊ လက်နက်ကြီး ပစ်ကူများကို ဟန်ချက်ညီစွာဖြင့် ပစ်ကူပေးပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် စစ်ကူစစ်ကြောင်းများက တိုက်ခိုက်ခံရသည့် တပ်ရင်းဌာနချုပ်သို့ သွားရောက်ပူးပေါင်းနိုင်ခဲ့သည်။

အလားတူ တိုက်ပွဲဖြစ်ပွားချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ အကြမ်းဖက်သမားများ ခိုအောင်းနေသည့်နေရာများသို့ တိကျစွာဖြင့် ပစ်ခတ်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် အနောက်ဘက်နှင့် မြောက်ဘက်တို့သို့ ဖရိုးဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အလောင်း၊ လက်နက်အချို့ သိမ်းဆည်းရမိခဲ့ကာ အဆိုပါ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးရာ နေရာများသို့ တပ်မတော်မှ သောင်းကျန်းသူ ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဇရပ်ကြီးမြို့အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာပြပုံ

## သီပေါအနောက်ခြမ်းဒေသမှ ယာယီနေရပ်စွန့်ခွာသူ သံဃာတော်များအား စောင့်နှင့်အခင်းများ လျှုဒါန်း

**သီပေါ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသ ကျေးရွာများမှ ယာယီကျောင်းသခင်မ်း နေရပ်စွန့်ခွာ၍ မြို့ဟောင်းဝိုင်းကောင်ဘုန်းတော်ကြီး ခိုလှုံရေးစခန်း၌ ခိုလှုံလျက်ရှိသည့် သံဃာတော်များ၊ ရှင်သာမဏေများ အအေးဒဏ်ကာကွယ်နိုင်ရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းတို့ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်ကြက်ခြေနီအသင်းက ကြီးကြပ်ကာ မြို့နယ်ကြက်ခြေနီအသင်းက ယနေ့ နံနက်ပိုင်းတွင် စခန်းအရောက် ပေးအပ်လှုဒါန်းသည်။

မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တာဝန်ရှိသူများက မြို့ဟောင်းဘုန်းတော်ကြီးကျောင်း ခိုလှုံရေးစခန်းမှ သံဃာတော် ၅၁ ပါးအား ခြုံစောင်အနွေးနှင့်အခင်းများ လျှုဒါန်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားလေးဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားလေးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများက မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက် ၆ နာရီခန့်တွင် ကံကျေးရွာ၏ အနောက်ဘက် မီတာ ၄၀၀ ခန့်အကွာမှနေ၍ ကျေးရွာအတွင်းသို့ ၄၀ မမ ဗုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားလေးဦး ဗုံးစထိမှန် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ထို့ပြင် အဆိုပါ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်ဘက်ခြမ်းသို့ ဝင်ရောက်ကာ လူနေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် လူနေအိမ် ၃၅ လုံးခန့် မီးလောင်ပျက်စီးသွားခဲ့ပြီး ၎င်းတို့ လာရာလမ်းအတိုင်း ပြန်လည် ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက် သမားများ၏ ယခုကဲ့သို့ မြို့/ ရွာ၊ လူနေရပ်ကွက်များ အတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံ ပြည်သူ သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး လည်လှီးသတ်ဖြတ်ခဲ့ကြောင်း သတင်းအမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ချိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးကို ဖေဖော်ဝါရီ ၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်သွားခဲ့ကြောင်းကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ တာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်ဟု သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက ၎င်းတို့ ချောင်းမြောင်း တိုက်ခိုက်ရန်အတွက် ကြိုတင်ပြင်ဆင် လုပ်ဆောင်နေမှုများ သတင်း ပေါက်ကြားခဲ့သည်ဟု အကြောင်းပြချက်ဖြင့် အဆိုပါ ကုက္ကိုစုကျေးရွာမှ ရွာသားများကို ခြိမ်းခြောက်ပြောဆိုခဲ့ပြီး ရွာသားနှစ်ဦးကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်သွားခဲ့ကြောင်း အကြမ်းဖက် လုပ်ရပ်များကို လက်မခံသည့် ဒေသခံတစ်ဦး၏ ပြောကြားချက် အရ သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန် အတွက် လုပ်ကြံရေးသား ဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံရေးအတွေးအမြင် ဗဟုသုတရှိပါမှ . . . . .

ခင်သန်းမြင့်

◆ **သခင်ဝတင်ဟာ ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှားရှိချိန်မှာ ဖဆပလဗဟိုအလုပ်အမှုဆောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဗမာပြည်ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး စတဲ့တာဝန်တွေကို ထမ်းဆောင်ခဲ့သူဖြစ်တယ်။ သို့ပေမယ့် သူ့သက်တမ်းမှာ တစ်ခါမှ ဝန်ကြီးရာထူးမယူခဲ့ဘူး။ ပါတီ စည်းရုံးရေးကိုပဲ ဇောက်ချလုပ်ခဲ့တယ်ဗျာ။**

◆ **သခင်ဝတင်ဟာ အစိုးရရာထူးမယူတဲ့ နိုင်ငံရေးသမားဖြစ်တဲ့အတွက် သူ့ရဲ့သီလသမာဓိကို လုပ်ဖော်ကိုင်ဖက် အတော်များများက အသိအမှတ်ပြုတယ်။ လေးစားကြတယ်။ သူဟာ ကိုယ်ကျင့်သီလလုံခြုံတဲ့နေရာမှာလည်း စံပြုအပ်သူဖြစ်တယ်လို့ ထင်ရှားတယ်။ ငွေကြေး မိန်းမ၊ အရက်သေစာ၊ လောင်းကစား ဘာတစ်ခုမှ အငြိအစွန်း မရှိဘူး။ ဒါတင် မကသေးဘူး။ နိုင်ငံရေးမှာ အရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးခံယူချက်အပိုင်းမှာလည်း မည်သည့်အခါမှ ဖောက်လွဲဖောက်ပြန်မရှိခဲ့ဘူးဗျ” လို့ “ရှာမှရှားတဲ့ နိုင်ငံရေးသမား” ဆိုပြီး ရေးသားခဲ့ပါတယ်။**

**သခင်ဝတင်ဟာ အစိုးရရာထူးမယူတဲ့ နိုင်ငံရေးသမားဖြစ်တဲ့အတွက် သူ့ရဲ့သီလသမာဓိကို လုပ်ဖော်ကိုင်ဖက်အတော်များများက အသိအမှတ်ပြုတယ်။ လေးစားကြတယ်။ သူဟာ ကိုယ်ကျင့်သီလလုံခြုံတဲ့နေရာမှာလည်း စံပြုအပ်သူဖြစ်တယ်လို့ ထင်ရှားတယ်။ ငွေကြေး၊ မိန်းမ၊ အရက်သေစာ၊ လောင်းကစား ဘာတစ်ခုမှ အငြိအစွန်း မရှိဘူး။ ဒါတင် မကသေးဘူး။ နိုင်ငံရေးမှာ အရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးခံယူချက်အပိုင်းမှာလည်း မည်သည့်အခါမှ ဖောက်လွဲဖောက်ပြန်မရှိခဲ့ဘူးဗျ” လို့ “ရှာမှရှားတဲ့ နိုင်ငံရေးသမား” ဆိုပြီး ရေးသားခဲ့ပါတယ်။**

တစ်ဆက်တည်းမှာပဲ သခင်ဝတင်ဟာ လွတ်လပ်ရေးမော်ကွန်း ဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်ဘွဲ့ရခဲ့လို့ ထိုခေတ် ၁၉၈၅-၈၆ က လက်လွှဲပြန်ရောင်းရုံနဲ့ ငွေတစ်သိန်း အသားတင်ရမယ့် ဘီ ၆၀၀ မာဇဒါကားဝယ်ခွင့်လျှောက်ဖို့ သက်ဆိုင်ရာက လျှောက်လွှာပုံစံပါ ဖြည့်လာခဲ့ပေမယ့် သခင်ဝတင်ဟာ လုံးဝလက်မှတ်မထိုးခဲ့ဘူးလို့ ဆိုပါတယ်။

ထို့အတူပဲ ထိုခေတ်က ပဒုမ္မာဆိုင်ကပစ္စည်းထုတ်ခွင့် ကုန်ဝယ်စာအုပ်ရပြန်တော့လည်း သခင်ဝတင်ဟာ ဘာတစ်ခုမှမထုတ်ခဲ့ဘဲ မိသားစုစားဖို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အားလုံးကို ရပ်ကွက် ပြည်သူ့ဆိုင်နဲ့ သမဝါယမဆိုင်ကပဲ ဝယ်စားတယ်လို့ ဆိုပါတယ်။

**“နိုင်ငံရေးသမားဆိုတာ ပြည်သူတွေနဲ့တစ်လေ့တည်းစီး တစ်ခရီးတည်း သွားနေသလို နေထိုင်ရမယ်။ တစ်လေ့တည်းမှာပါလာတဲ့လူတွေ ဝင်ပြတ်နေချိန်မှာ ကိုယ်တစ်ယောက်တည်း ထမင်းထုပ်ဖြေစားနေတာမျိုးမလုပ်ရဘူးကွဲ့” ဆိုတဲ့ သခင်ဝတင်ရဲ့ ဆိုဆုံးမမှုကလည်း မှတ်သားစရာအလွန်ကောင်းပါတယ်။**

ထို့အတူပဲ “**မောင်ဝံသ ဘာကြောင့် နိုင်ငံရေးထဲဝင်သလဲ၊ တိုင်းပြည်နဲ့လူမျိုးအတွက် လုပ်ချင်လို့ပါလို့ ဖြေမှာပဲ မဟုတ်လား။ တိုင်းပြည်နဲ့လူမျိုးအတွက် ရာခိုင်နှုန်းဘယ်လောက်၊ ကိုယ့်အကျိုးအတွက် ရာခိုင်နှုန်းဘယ်လောက်၊ ချိန်ဆကြည့်၊ ကိုယ့်ဘာသာ အဖြေတုတ်၊ ကိုယ့်ဘာသာ အမှတ်ပေး။ နိုင်ငံရေးသမားကောင်းဖြစ်ချင်ရင် အောင့်နိုင်ရမယ်။ စောင့်နိုင်ရမယ်ကွဲ့**”ဆိုတဲ့ အကြံပြုလမ်းညွှန်ချက်များ ကလည်း တန်ဖိုးရှိလှပါပေတယ်။

တစ်ချိန်က ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေကတော့ “**နိုင်ငံရေးသမားဆိုတာ မီးရထားစက်ခေါင်းနဲ့တူရသည်။ ပြည်သူ့ဖြစ်သော တွဲပေါင်းများစွာကို လိုရာခေါ်ဆောင်သွားသောအခါ မိမိနှင့်တစ်ပါတည်း အတူတကွ ခေါ်ဆောင်သွားသကဲ့သို့**”ဆိုပြီး ဆိုရှယ်လစ်လူငယ်များကို သွန်သင်ပို့ချခဲ့ပါတယ်။

ဆရာဒဂုန်တာရာကတော့ “**နိုင်ငံရေးသမားဆိုသည်မှာ တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက်ဆောင်ရွက်သော ဝန်ထမ်းတစ်ဦးဆိုရမည်လား**”လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ တစ်ဆက်တည်းမှာ ဆရာက “**နိုင်ငံရေးသမားများတွင် စာပေနှင့်မကင်းကွာဖို့ လိုပေသည်။ လီနင်ဆိုလျှင် စာပေသဘောတရားများ ရေးနိုင်ခဲ့၏။ ဂေါ်ကီ၏ဝတ္ထုကို ကောင်းကောင်းဖတ်ကာ ဝေဖန်ခဲ့၏။ ပလက်ဂင်နေ့မှာ အနုပညာသဘောများ ရေးခဲ့၏။ မော်စီတုံးမှာ ခက်ခဲသောကာရန်ဖြင့် ကဗျာများပင်စီကုံးခဲ့သည်။ သခင်နု၊ သခင်သန်းထွန်းတို့သည်လည်း စာရေးကောင်းသူများ ပင်ဖြစ်ကြသည်။ သခင်အောင်ဆန်းသည် စာရေးကောင်းသူတစ်ဦး ဖြစ်သည်**”လို့ ရေးသားခဲ့ပြီး ဦးကျော်ငြိမ်းကိုတော့ “**ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များထဲတွင် သူသည်စာဖတ်သည်ဟု ကျွန်တော် သိနေသည်။ ဂျပန်ခေတ်က သူနှင့်အတူ စမ်းချောင်းရှိ သူ့စာအုပ်များထားရာ အိမ်သို့ ရောက်သွားဖူးသည်။ အခန်းထဲတွင် စာအုပ်များပြည့်နှက်နေသည်**”လို့ မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။

### ချစ်စရာကောင်းတဲ့ ဒီမိုကရေစီနိုင်ငံရေးသမား

သခင်လွင်ကိုလည်း ဆရာက စာပေမွေ့သူတစ်ယောက်လို့ ဆိုပါတယ်။ ဒဲ့အပြင် သခင်လွင်ဟာ နိုင်ငံရေးသမားတွေထဲမှာ ချစ်စရာကောင်းတဲ့ ဒီမိုကရေစီနိုင်ငံရေးသမားလို့လည်း ညွှန်းဆိုခဲ့ပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့အစည်း အမှုဆောင်အစည်းအဝေးတွေမှာ သခင်လွင်နဲ့ကွဲလွဲချက်တွေရှိလို့ ဆွေးနွေးငြင်းခုံမှုတွေရှိရင်လည်း ရန်မလုပ်ဘူး။ အခင်အမင် မပျက်ဘူးတဲ့။ အယူအဆတွင် ထပ်တူထပ်မျှ တူစရာမလို၊ သဘောထားကွဲလွဲလျှင်လည်း ညှိနိုင်သည်၊ ဆွေးနွေးနိုင်သည်။ ယင်းသို့သော သဘောထားမြင့်မြတ်သော နိုင်ငံရေးစိတ်ထားမျိုး သခင်လွင်မှာရှိတယ်လို့ ဆိုပါတယ်။

မီးတုတ်သခင်သိန်းမောင်ကြီးရဲ့ နိုင်ငံရေးရုပ်ပုံလွှာကိုတော့ ဆရာကြီးသိန်းဖေမြင့် က “**သခင်သိန်းမောင်ကြီးသည် မြန်မာပြည်သို့ကမ္ဘာ့တိုးတက်သော အယူအဆများကို တင်သွင်းခဲ့သူများတွင် ရှေ့တန်းက ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်**”လို့ ဆိုတယ်။

ဒဲ့အပြင် သခင်သိန်းမောင်ကြီးဟာ တို့ဗမာအစည်းအရုံးကို တည်ထောင်သူတစ်ဦးလည်းဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲမှာ ရှေ့တန်းမှ ပါဝင်ရုံမက တိုးတက်သောနိုင်ငံရေးဝါဒများကို ဖြန့်ချိခဲ့တယ်။ တို့ဗမာအစည်းအရုံးမှာ သခင်ဗစိန်နဲ့ သခင်သိန်းမောင်ကြီးတို့ ကွဲတဲ့အခါ ပြန်လည်ရင်ကြားစေ့ဖို့အတွက် သခင်ကိုယ်တော်မှိုင်းကို နှစ်ဖက်စလုံးက လွှဲအပ်ခဲ့တယ်။ ပြန်စေ့စပေးနိုင်တဲ့အခါကျတော့ သခင်ဗစိန်က သူ့ဂိုဏ်းကိုခေါင်းဆောင်မှုပြန်ယူပြီး သခင်ကိုယ်တော်မှိုင်းနဲ့တစ်ဖက်သောသခင်ဂိုဏ်းကို တိုက်ခိုက်လေတယ်။ သခင်ဗစိန်က သေသည်အထိ နိုင်ငံရေးစင်မြင့်ပေါ်မှာ နေသွားပေမယ့် သခင်သိန်းမောင်ကြီးကတော့ သူ့ဂိုဏ်းကို ခေါင်းဆောင်မှုပြန်မယူတော့ဘူး။ သခင်ကိုယ်တော်မှိုင်းက ဘေးဖယ်လိုက်တဲ့အတိုင်း ဘေးမှာပဲနေခဲ့တယ်လို့ဆိုတယ်။

### တို့ဗမာအစည်းအရုံးကြီးအဖြစ် စည်းရုံးဆောင်ရွက်

သခင်နု၊ သခင်အောင်ဆန်းစတဲ့ အင်အားသစ်များနဲ့ သူ့ဂိုဏ်းဝင်များပူးပေါင်းပြီး သခင်ကိုယ်တော်မှိုင်းကို နာယကထားကာ လူများစုထောက်ခံသော တို့ဗမာအစည်းအရုံးကြီးအဖြစ် စည်းရုံးဆောင်ရွက်သွားကြတာကို ကျေနပ်စွာထောက်ခံခဲ့တယ်။ မင်းသားကြီး မလုပ်ရရင် ပတ်မထိုးဖောက်သောပုဂ္ဂိုလ်မျိုးမဟုတ်ကြောင်း ပြသသွားခဲ့တယ်။ ထိုအချိန်မှစပြီး သူဟာနိုင်ငံရေးစင်မြင့်ပေါ်က ဆင်းသွားခဲ့တယ်လို့ ဆရာကြီးသိန်းဖေမြင့်က “သခင်သိန်းမောင်ကြီး(သို့မဟုတ်) အရှင်သောမ” ခေါင်းစဉ်နဲ့ ၁၄၊ ဇူလိုင်၊ ၁၉၇၀ ထုတ် ဗိုလ်တထောင်သတင်းစာတင်းစာမှာ ပုံဖော်ရေးသားခဲ့ပါတယ်။

သခင်ဗစိန်ကတော့ မြင်းခြံမြို့မှာကျင်းပတဲ့ ဒုတိယညီလာခံမှ အစပြုပြီး သူ့လက်ဝဲ လွန်ကျွမ်းမှုများနဲ့ ဂိုဏ်းဂဏအုပ်စုခွဲ လက်တွေ့ လုပ်ငန်းများကြောင့် တို့ဗမာအစည်းအရုံးမှာ ခေါင်းဆောင်မှုကျဆုံးလာခဲ့တယ်လို့ဆိုပါတယ်။

သခင်သန်းထွန်းနဲ့ သခင်စိုးတို့ကတော့ မြန်မာနိုင်ငံရေးသမိုင်းမှာ သင်ခန်းစာယူစရာ ပုဂ္ဂိုလ်တွေပဲဖြစ်ပါတယ်။ ၂၉၊ စက်တင်ဘာ၊ ၁၉၆၈ နဲ့ ၂၊ အောက်တိုဘာ၊ ၁၉၆၈ ထုတ် ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်းပြောပါရစေကဏ္ဍပါ ဆရာသိန်းဖေမြင့်ရဲ့ “**တောခိုစေသော အကြောင်းတစ်ကြောင်း**” ဆောင်းပါးမှာ သခင်သန်းထွန်းရဲ့ ရုပ်ပုံလွှာတစ့ေတစောင်းကို မြင်တွေ့ရမှာဖြစ်ပါတယ်။

“**ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုရခြင်းအကြောင်းအမျိုးမျိုး အနက် ခေါင်းဆောင်ဖြစ်သူ သခင်သန်းထွန်းရဲ့ စိတ်နေစိတ်ထား၊ ဉာဉ်၊ စရိုက်၊ သဘာဝစတဲ့ ပုဂ္ဂိုလ်ရေးရာအကြောင်းဟာတစ်ကြောင်းဖြစ်ကြောင်း ထင်ရှားတယ်**”လို့ ဆရာက သုံးသပ်ဝေဖန်ခဲ့ပါတယ်။

“**သခင်သန်းထွန်း တောခိုရန်ဆုံးဖြတ်ချက်ချစဉ်က သူဟာ လေးနက်သော နိုင်ငံရေးအကြောင်းများကို ရှေ့တန်းထားမစဉ်စား။ 'ခံဘက်ကမနေဘူး' ဟူသော သူ့ပုဂ္ဂိုလ်ရေး စိတ်နေသဘောထား၊ သူ့ဉာဉ်၊ သူ့စရိုက်သဘာဝတို့ကသာလျှင် ရှေ့တန်းရောက်နေတယ်။ သူ့အတွေးအခေါ်နဲ့ သူ့အမှုအကျင့်များကိုလွှမ်းမိုးနေတယ်။ သခင်သန်းထွန်းတို့ လူစုဟာ အဆုံးအဖြတ်ခန်းမှပါဝင်ရမည့် အကြောင်းများကို ပြည့်ပြည့်စုံစုံ ပယ်ပယ်နယ်နယ် မဆင်ခြင်မသုံးသပ်ရသေး။ ဗဟိုကော်မတီဆုံးဖြတ်ချက်ပင် မချရသေးဘဲ ဗမာပြည်ကွန်မြူနစ်ပါတီဝင်အများစုနှင့်ပြည်သူလူထုရဲ့အတော်ကြီးသော အစိတ်အပိုင်းကို တောခိုသွားစေနိုင်ခဲ့ပြီး နှစ် ၂၀ ကျော်ကြာ ခံနိုင်ရည်ရှိစေခြင်းဟာ အထက်ဖော်ပြပါအတိုင်း ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်များ၊ စိတ်နေစိတ်ထားများ၊ ဉာဉ်များ၊ စရိုက်သဘာဝများ လွှမ်းမိုးခြင်းခံရသော အစိတ်အပိုင်းက နိုင်ငံရေးလောကမှာ အတော်အားကောင်းနေခဲ့ခြင်းကြောင့် ဖြစ်ကြောင်းပါဗျာ**”လို့ ဆိုပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒုတိယပြင် ဆရာက "နိုင်ငံရေးလုပ်ကြရာမှာ လူပေါင်းများစွာဟာ ယထာဘူတကျတဲ့ နိုင်ငံရေးအမြင်ထက် ပုဂ္ဂိုလ်ရေးအမြင်က၊ လူတန်းစားရပ်တည်မှုထက်ပုဂ္ဂိုလ်ရေးဥာဉ်က၊ ခေါင်းအေးတည်ငြိမ်သော နိုင်ငံရေးအလေ့အကျင့်စရိုက်သဘာဝထက် ခေါင်းပူသွေးကြွသော ပုဂ္ဂိုလ်ရေးအလေ့အကျင့်စရိုက်သဘာဝက လွှမ်းမိုးခြင်းခံရတယ်"လို့ သုံးသပ်ဖော်ပြခဲ့ပါတယ်။

"ကျွဲပ်ကို ကြည့်လိုက်ကြဗျ။ ကျွဲပ်ဟာ ယနေ့ မြန်မာနိုင်ငံရေးအကွဲအပြဲများရဲ့ ရေသောက်မြစ်ဖြစ်တယ်။ ပြည်သူတွေသေကျေပျက်စီး၊ ပြည်သူ့အိုးအိမ်စည်းစိမ်တွေ မီးလောင်ဆုံးရှုံးစေတဲ့ ပြည်တွင်းစစ်ရဲ့တရားခံဟာ ကျွဲပ်ဖြစ်ပါတယ်"ဆိုပြီး ၁၉၅၂ ခုနှစ် တစ်ဝိုက်ကရောက်လေရာအရပ်မှာ ရင်ဘတ်စည်တီးပြောကြားခဲ့တဲ့ အလံနီသခင်စိုးရဲ့ ရှုပ်ပုံလွှာကလည်း ဂိုဏ်းဂဏစွဲဝါဒကြီးသူတို့အတွက် နိုင်ငံရေးသင်ခန်းစာတစ်ရပ်ပါပဲ။

သခင်အောင်ဖေကတော့ "နိုင်ငံရေးသမားများသည် နိုင်ငံရေးအဆစ်အချိုးအကွေ့အကောက်များနှင့် တွေ့ကြုံခဲ့သော် မိမိ၏ရည်မှန်းချက်၊ ယုံကြည်ချက်များကို မသွေဖယ်ပဲ တည့်တည့်မတ်မတ်ကျင့်ဆောင်ရမ်း၊ သိက္ခာရှိရှိ၊ တည်တည်ကြည်ကြည်၊ ဖြောင့်ဖြောင့်မှန်မှန်သွားနိုင်သူ အတော်ရှားသည်။

နိုင်ငံရေးသမားဆိုသူများတွင် သူ့ခေတ်နှင့်သူ ဝိုဘသမားများ၊ ရေသာခို ရေလိုက်ငါးလိုက်သမားများ၊ အချောင်သမားများ၊ သူများတကာ နို့သက်ခံစို့သူများ၊ ဟေးလားဝါးလားသမားများ၊ ဟုတ်ပါ့ မှန်ပါ့သမားများလည်းရှိတတ်ကြရာ ကံမကောင်းအကြောင်းမလှဖြစ်၍ ခေါင်းဆောင်ကောင်းနှင့်မတွေ့ဘဲ နိုင်ငံရေး လုပ်စားသူများနှင့်တွေ့၍ ၎င်းတို့နယ်ထဲရောက်သွားခဲ့သည်ရှိသော် အကျိုးနည်းရပေတော့မည်" လို့ ဆိုပါတယ်

> ❑ "နိုင်ငံရေးသမားများသည် နိုင်ငံရေးအဆစ်အချိုး အကွေ့အကောက်များနှင့် တွေ့ကြုံခဲ့သော် မိမိ၏ ရည်မှန်းချက်၊ ယုံကြည်ချက်များကို မသွေဖယ်ပဲ တည့်တည့်မတ်မတ်ကျင့်ဆောင်ရမ်း၊ သိက္ခာရှိရှိ၊ တည်တည်ကြည်ကြည်၊ ဖြောင့်ဖြောင့်မှန်မှန်သွားနိုင်သူ အတော်ရှားသည်။
>
> ❑ နိုင်ငံရေးသမားဆိုသူများတွင် သူ့ခေတ်နှင့်သူ ဝိုဘသမားများ၊ ရေသာခို ရေလိုက်ငါးလိုက်သမားများ၊ အချောင်သမားများ၊ သူများတကာ နို့သက်ခံစို့သူများ၊ ဟေးလားဝါးလားသမားများ၊ ဟုတ်ပါ့ မှန်ပါ့သမားများလည်းရှိတတ်ကြရာ ကံမကောင်းအကြောင်းမလှဖြစ်၍ ခေါင်းဆောင်ကောင်းနှင့်မတွေ့ဘဲ နိုင်ငံရေး လုပ်စားသူများနှင့်တွေ့၍ ၎င်းတို့နယ်ထဲရောက်သွားခဲ့သည်ရှိသော် အကျိုးနည်းရပေတော့မည်" လို့ ဆိုပါတယ်

အထက်ဖော်ပြပါ အကြောင်းအရာတွေကတော့ ကျွန်မစိတ်ဝင်တစားရှိလို့ လက်လှမ်းမီရာ လေ့လာဖတ်ရှုခဲ့တဲ့ တစ်ခေတ်တစ်ခါက နိုင်ငံရေးသမားကြီးတို့ရဲ့ ရှုပ်ပုံလွှာ တစ့ေတစောင်းပဲဖြစ်ပါတယ်။

**နိုင်ငံရေးသမား၏ရုပ်ပုံကို သိမှသိပါလေစ**

ဆရာဒဂုန်တာရာက "ယနေ့ခေတ်ကြီးပြင်းလာကြသော လူငယ်ကလေးများနိုင်ငံရေးသမား၏ ရုပ်ပုံကားချပ်ကို မည်ကဲ့သို့ပုံဖမ်းမည်မသိ။ နိုင်ငံရေးသမား၏ရုပ်ပုံကို သိမှသိပါလေစ"လို့ ဆိုခဲ့တဲ့အတွက် နိုင်ငံရေးကိုစိတ်ဝင်စားတဲ့ မျိုးဆက်သစ်လူငယ်များအတွက် တတ်အားသရွေ့ ကောက်နုတ်ဖော်ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မကတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ စံပြနိုင်ငံရေးသမားဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့တဲ့ "အများအားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော်၊ ဟိုဆဲ သည်ဆဲဆိုလျှင် နိုင်ငံရေးဟုထင်၏။ ဤအရာမျိုးက နိုင်ငံရေးမဟုတ်။ မင်မိ‌ကေါ်ဂီ ခေါ် လူပြိန်းကြိုက် လူပေါစားအလုပ်မျိုးဖြစ်၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏" လို့ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အနှစ်သက်ဆုံးပါ။ ။

## ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင်ပြည်ဖျက်မီဒီယာများ အနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် လူနှစ်ဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်နေသည့် ရုပ်သံဖိုင်အား ဖြန့်ဝေလျက်ရှိပြီး ၎င်းလုပ်ရပ်အား ရပ်ရွာကာကွယ်ရေး အဖွဲ့ဝင်များက ကျူးလွန်ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြလျက်ရှိသည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဒေသခံများထံမှ စုံစမ်းသိရှိရသည့်

သတင်းရင်းမြစ်အချို့အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမအပတ်အတွင်း၌ မကွေးတိုင်းဒေသကြီး ဂန့်ဂေါဖြို့နယ် မြောက်ခင်ရန်းကျေးရွာတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်ခဲ့ပြီး အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများအား အရှင်ဖမ်းဆီးရမိခဲ့ခြင်း မရှိကြောင်း ကနဦးသိရှိရသည်။

ဆက်လက်စိစစ်ချက်များအရ လူမှုကွန်ရက် စာမျက်နှာများ၌ ဖြန့်ဝေလျက်ရှိသည့် ရုပ်သံဖိုင်၌ ရက်ရက်စက်စက် သတ်ဖြတ်ခံရသူနှစ်ဦးမှာ PDF အမည်ခံ အကြမ်းဖက်သမားများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အချင်းချင်း နယ်မြေလုခြင်း၊ ငွေကြေးအရှုပ်အရှင်းများ ရှိခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်မလုပ်ဆောင်လိုခြင်းစသည့် အကြောင်းခြင်းရာများကြောင့် အချင်းချင်း စိတ်သဘောထား မတိုက်ဆိုင်သဖြင့် ၎င်းတို့ အချင်းချင်း ယခုကဲ့သို့ လုပ်ကြံ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကို ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည့် အသွင်ဖြင့် လုပ်ကြံဖန်တီးရိုက်ကူးထားသည့် ရုပ်သံဖိုင်တစ်ခုသာ ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့နှင့် သဘောထား မတိုက်ဆိုင်သူများနှင့် ၎င်းတို့အလိုကိုလိုက်၍ လိုက်ပါဆောင်ရွက်ခြင်း မရှိသူများအား အကြောက်တရားများ လွှမ်းမိုးစေရန် အများပြည်သူများ ရှေ့မှောက်၌ တာယာကွင်းစွပ်၍ မီးရှို့သတ်ဖြတ်ခြင်း၊ လည်လိုသတ်ဖြတ်ခြင်း၊ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း စသည့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များအား ကျူးလွန်လျက်ရှိသည်ကိုလည်းမကြာခဏဆိုသလို လူမှုကွန်ရက် စာမျက်နှာများ၌ စိတ်နှလုံးမချမ်းမြေ့ဖွယ် တွေ့မြင်နေရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ထိုကဲ့သို့ လူမဆန်သော ရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်အသွင်ဖြင့် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊ သတင်းမှားများအား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့ပြီး စစ်ဘေးရှောင်ပြည်သူ ၃၀၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို ဖေဖော်ဝါရီ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒရုန်းနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့နေပြီး ဘုန်းကြီးကျောင်းတွင် တိမ်းရှောင်နေသည့် ပြည်သူ ၃၀၀ ခန့်ကိုလည်း ဓားစာခံများအဖြစ် ဖမ်းဆီးထားရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လိမ်လည်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ ၎င်းရက်နေ့တွင် ကန်ဆွယ်ကျေးရွာအနီး၌ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ နှစ်ဖက်ထိတွေ့မှုဖြစ်ပွားခဲ့ခြင်းကြောင့် သိရှိရပြီး ဒေသခံပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားခြင်း မရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများမှ မြေပြင်ဖြစ်စဉ်သတင်းများကို အခြေခံကာ ပြည်သူများအား သတင်းအမှန်များ ချပြရေးသားခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် သတင်းတု၊ သတင်းမှားများဖြင့် လိမ်လည်ရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

"(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှာ လုပ်မှာပါ။ အရင်နှစ်တွေကလည်း လုပ်ဖြစ်ပါတယ်။ အရင်နှစ်တွေကဆိုရင် စက်ဘီးဝါသနာရှင်တွေ၊ ပါဝင်သူတွေ များပါတယ်" ဟု Riders Ngapali မှ ဦးဆောင်သူ တစ်ဦးက ဆိုသည်။

**ပေလီကမ်းခြေ မဇင်လေဆိပ်တွင် စုပေါင်းပန်းဝင် ကြမည်**

စုပေါင်းစက်ဘီးစီးမည့် လမ်းကြောင်းအနေဖြင့် P.V.R. Hotel ရှေ့မှ နံနက် ၆ နာရီတွင် တာထွက်ပြီး ပေလီလမ်းဆုံမှ သံတွဲမြို့သို့ တစ်ပတ် ပတ်ကာ ပေလီကမ်းခြေ မဇင်လေဆိပ်တွင် စုပေါင်းပန်းဝင် ကြမည်ဟု သိရသည်။

**နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်**

သံတွဲမြို့မှ စက်ဘီးစီးဝါသနာရှင်အဖွဲ့များအနေဖြင့် စုရပ်အဖြစ် Denko ဆီဆိုင်ရှေ့တွင် စောင့်နေပြီး ပေလီအဖွဲ့နှင့် ပူးပေါင်း၍ သံတွဲမြို့ကို ပတ်စီးပြီး မဇင်လေဆိပ်တွင် စုပေါင်းပန်းဝင်ကြရန်အတွက်လည်း စီစဉ်ထားကြောင်း သိရပြီး စုပေါင်းပန်းဝင်လာမည့် စက်ဘီးစီးအဖွဲ့များကို သံတွဲခရိုင် အား/ကာမှ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း ပေလီကမ်းခြေ Riders Ngapali စက်ဘီးစီးအဖွဲ့မှ သိရသည်။

MT

## Online လောင်းကစားမှုများ၊ ငွေကြေးခဝါချမှုများနှင့် အလိုရှိသည့် ဦးကျော်လွင်(ဘ)ဦးအလိုကို ဥပဒေအရ အရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဦးကျော်လွင်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အဏ္ဍာဝါရပ်ကွက် ပိတောက်လမ်း အမှတ်(၂၅၀)နေ ဦးကျော်လွင်(ဘ)ဦးအလိုသည် တရားမဝင် Online လောင်းကစားမှုများပြုလုပ်ခြင်း၊ ယင်းတရားမဝင် လောင်းကစားမှုများမှရရှိသော ငွေကြေးများ၊ ပစ္စည်းများကို အသွင်ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်းများ ပြုလုပ်သည်ဟု သံသယဖြစ်ဖွယ်ရာ တွေ့ရှိရခြင်းများကြောင့် ၎င်းကို ဥပဒေအရ အရေးယူရန် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကော့သောင်းခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

✪ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပထမပိုင်းတွင် သုံးဂိုးပြတ်အရေးနိမ့်နေပြီး ဒုတိယပိုင်းတွင် ရှစ်ဂိုးပေးလိုက်ရကာ ပေးဂိုး ၁၁ ဂိုးအထိရှိခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းတွင် ကိုကိုလွင်က သွင်းယူခဲ့သည်။ Bintang Timur FC အသင်းသည် အင်ဒိုနီးရှားဖူဆယ်လိဂ်ဗြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၉ ရက်တွင် Bintang Timur FC အသင်းနှင့် ထပ်မံကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ – MFF

# ပခုက္ကူကုန်စည်ဒိုင်၌ ပဲယင်းဝါ၊ ပဲယင်းနီ အရောင်းအဝယ်ဖြစ်မှုနှင့် စျေးနှုန်းစျေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေးအချက်အချာကျပြီး ပခုက္ကူရှိ ကျွန်းရွာများအပြင် ယောနယ်ဒေသ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ပုလဲနယ် စသည့်နယ်ပေါင်းစုံမှ ထွက်ရှိသောသီးနှံများ ကုန်စည်ဒိုင်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများအနေဖြင့် ပဲစင်းငုံနီ၊ ပဲယင်းဝါ၊ ပဲယင်းနီနှင့် နှမ်းမျိုးစုံများအနက် ပဲယင်းဝါနှင့် ပဲယင်းနီသီးနှံများမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ဝင်ရောက်၍ အရောင်းအဝယ်သွက်နေကြောင်း၊ စျေးနှုန်းများအနေဖြင့် ပဲယင်းဝါ တစ်တင်းလျှင် ဇန်နဝါရီလ ဒုတိယပတ်တွင် ကျပ် ၅၃၀၀၀ ဖြင့်လည်းကောင်း၊ တတိယပတ်တွင် ကျပ် ၅၃၅၀၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၅၆၀၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ် ၆၀၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုအနေဖြင့် တစ်ရက်လျှင် အိတ် ၅၀ မှ ၅၀၀ အထိရှိကြောင်း သိရသည်။

ပဲယင်းနီစျေးနှုန်းအနေဖြင့် တစ်တင်းလျှင် ဇန်နဝါရီလ ဒုတိယပတ်တွင် ကျပ် ၇၆၅၀၀ ဖြင့် လည်းကောင်း၊ တတိယပတ်တွင် ကျပ် ၇၈၀၀၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၇၉၂၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ် ၇၇၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

DOCA (မကွေး)

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အတွင်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဆန် ၂၆၂ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၂၃၁ ဒသမ ၀၀ တန်၊ ကြက်သွန်နီ ၉၇ ဒသမ ၀၀ တန်၊ ဆီးခွဲခြမ်း ၃၃ ဒသမ ၀၀ တန်၊ ငရုတ်ခြောက် ၁၅ ဒသမ ၅၀ တန်၊ ချင်းခြောက် ၀ ဒသမ ၅၅၀ တန်၊ ဖရဲသီး ၁၁၂ ဒသမ ၀၀ တန်၊ ကြံ ၅၇၀ ဒသမ ၀၀ တန်၊ တစ်သျှူးငှက်ပျော ၁၁၃၈ ဒသမ ၀၀ တန်နှင့် ဆီးဆံ ၂၅ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းများ၏ တစ်တန်စျေးနှုန်းအနေဖြင့် ဆန် ဒေါ်လာ ၅၆၀၊ ဆန်ကွဲ ဒေါ်လာ ၄၅၀၊ ပြောင်း ဒေါ်လာ ၃၁၀၊ ဖရဲသီး ဒေါ်လာ ၁၅၀၊ တစ်သျှူးငှက်ပျော ဒေါ်လာ ၃၈၀ နှင့် ပဲတီစိမ်း ဒေါ်လာ ၆၅၀ ရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်များအနေဖြင့် သံ ၁၃၈ ဒသမ ၄၂၀ တန်၊ ဂျပ်ဖာ ၅၀ ဒသမ ၀၀ တန်၊ ကုန်စုံ ၃၅၆ ဒသမ ၉၀ တန်၊ စက္ကူ ၁၈ ဒသမ ၅၀ တန်၊ သံပိုက် ၁၈ ဒသမ ၇၀ တန်၊ စက္ကူလိပ် ၆ ဒသမ ၅၀ တန်၊ ပိုက်ဆက် ၂၂ ဒသမ ၇၀ တန်၊ ပိုက် ၇ ဒသမ ၃၀ တန်၊ ပလတ်စတစ် ၁၉ ဒသမ ၀၀ တန်နှင့် မြက်ခင်းတုံ ၇ ဒသမ ၉၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများ၏ တစ်တန်စျေးနှုန်းအနေဖြင့် စက္ကူလိပ် ဒေါ်လာ ၃၅၀ ၊ ပိန်အိတ် ဒေါ်လာ ၈၀၀၊ ပိတ်လိပ် ဒေါ်လာ ၅၇၀၊ ဂျပ်ဖာ ဒေါ်လာ ၃၉၀၊ ချည်ခင် ၆၆၇ ဒေါ်လာရှိကြောင်း သိရှိရသည်။

DOT ( လွယ်ဂျယ်)

## ပြင်ဦးလွင်မြို့တွင် စတော်ဘယ်ရီသီးများ စတင်ထွက်ပေါ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် စတော်ဘယ်ရီသီးနှံကို အဓိကထား စိုက်ပျိုးကြပြီး ဝင်ငွေကောင်းမွန်သော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလမှစတင်၍ မေလအထိ ခူးဆွတ်ရကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စိုက်ဧက ၂၃၅ ဧက စိုက်ပျိုး နိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၉၆၈ ဒသမ ၁၉ ပိသာ ထွက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၅ သိန်း၁နှ၆ဖြစ်ကြောင်း၊ ဇန်နဝါရီ လမှစတင်၍ စတော်ဘယ်ရီသီးနှံများ ထွက်ပေါ်နေပြီဖြစ်ရာ စတော်ဘယ်ရီအကြွပ်သီး အဖွင့်စျေးနှုန်းအနေဖြင့် တစ်ပိသာလျှင် ကျပ် ၁၀၀၀၀ ဖြင့် လည်းကောင်း၊ စတော်ဘယ်ရီသီး (အချိသီး) တစ်ပိသာလျှင် ကျပ် ၁၃၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ စတော်ဘယ်ရီသီးနှံ ထွက်ပေါ်ချိန် ငါးလတာကာလ အတွင်း သီးနှံများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဝယ်လိုအားထက် ရောင်းလိုအား များပြားသည့် အတွက် စျေးနှုန်းကျဆင်းမှုများ နှစ်စဉ် ဖြစ်ပေါ်လေ့ရှိကြောင်း တောင်သူနှင့် ကုန်သည်များထံမှ သိရသည်။

စျေးကွက်အနေဖြင့် ပြည်ပ တင်ပို့နိုင်မှု မရှိသေးသော်လည်း ပြည်တွင်းစျေးကွက်သို့အသီးအစိမ်း အနေဖြင့်သော်လည်းကောင်း၊ ယိုစု၊ Jum ၊ ဝိုင် စသည့်စားသောက်ကုန်များထုတ်လုပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

DOCA (မန္တလေး)

## ပေါက်ခေါင်းမြို့နယ်၌ ဝါသီးနှံ စျေးကောင်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစိုက်ပျိုးရန် ဝါကြီး ၈၀ ဂုဏ၊ ချည်မျှင်ရှည်ဝါ ၈၀ ဧက ၆၇၅၀ လျာထားခဲ့ပြီး ဝါကြီး ၁၈၀၄ ဧကနှင့် ချည်မျှင်ရှည်ဝါ ၅၈၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဝါအမျိုးအစားများအနေဖြင့် ရွှေတောင် ၈/၁၀ မျိုး၊ ရာကာ ၆၆၆ မျိုး၊ ငွေချည် ၆/၉ မျိုး စသည့်ဝါများကို စိုက်ပျိုးကြကြောင်း သိရသည်။

ယခုအချိန်တွင်ထွက်ရှိသော ဝါသီးနှံများမှာ ဇူလိုင်လနှင့် သြဂုတ်များတွင် စိုက်ပျိုးသော သီးနှံများဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိသာ ၇၂၀ ကျော် ထွက်ရှိရာ ဝါသီးနှံထွက်ပေါ်ချိန်တွင် အခါလွန်မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းအနည်းငယ် ကျဆင်းလာကြောင်း၊ စျေးနှုန်းအနေဖြင့် ဝါသီးနှံထွက်ပေါ်ချိန်တွင် တစ်ပိသာလျှင် ကျပ် ၃၅၀၀ စျေးနှုန်းရှိခဲ့ပြီး ယခုအချိန်တွင် ဝါတစ်ပိသာလျှင် ကျပ် ၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ဝါတစ်ပိသာလျှင် ကျပ် ၂၃၀၀ သာရှိခဲ့ရာ ယခုနှစ်တွင် ဝါသီးနှံ စျေးကောင်းရရှိလာကြောင်း သိရသည်။ စျေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်မှ ထွက်ရှိသော ဝါများကို မြို့ပေါ်ရှိ ဝါစက်များနှင့် ဝါဒိုင်များသို့ သွားရောက်ရောင်းချကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ဝါသီးနှံအထွက်နှုန်း လျော့နည်းခဲ့သော်လည်း စျေးနှုန်းကောင်းမွန်သည့်အတွက် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရှိရသည်။

DOCA (ပဲခူး)

## ၇-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ စျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိသာ) | | စားဖိုဆောင်သုံး (တစ်ပိသာ) | | |

## ပျောက်ဆုံးကြောင်း

(ဘ) ဦးတင်မောင်လတ် ၏သမီး ကျွန်မ မသီရိစုလတ် ၁၂/၀ဧတ (နိုင်)၀၀၀၅၁၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် A325124 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၁၀၄၂၄၅

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ ကြို့ပင်ကောက် မြို့နယ် တရားရုံးတော်၏ ငြင်းချက်ထုတ်ရန်သမ္မာန်စာ ကြော်ငြာတွင် ခေါ်မြဖိုးဆွေ(ဘ) ဦးမြင့်ဆွေ (ယခုနေရပ်လိပ်စာသာ) အစား ခေါ်မြဖိုးဆွေ (ဘ) ဦးမြင့်ဆွေ **(ယခုနေရပ်လိပ်စာ မသိ)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စီစစ်ရေးမှူး(၂)(လစာနှုန်းကျပ်၂၁၆၀၀၀- ၂၀၀၀-၂၂၆၀၀)ရာထူး(၂၀)နေရာများအတွက် လျှောက်ထားနိုင်ရန်ခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀)တွင် ကနဦးလစာ ကျပ်၂၁၆၀၀၀/-ဖြင့် စာတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ) တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါတွဲတစ်ခုခုရရှိသူများဖြစ်ရပါမည်-
(၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
(၂) စီးပွားရေးပညာဘွဲ့(ဧကာဂဗေဒ) B.Econ (Economics)
(၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)
(၄) စာရင်းကိုင်ပညာဘွဲ့(B.Act)
(၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
(၇) လူဦးရေပညာဘွဲ့(B.P.S)
(၈) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)
(၉) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)
(၁၀) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)
(၁၁) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)
(၁၂) ဝိဇ္ဇာဘွဲ့(စီးပွားစီမံ) B.A(BM)
(၁၃) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
(၁၄) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
(၁၅) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)B.Sc(Computer Science)
(၁၆) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
(ဂ) ပြင်ပမှ ဝင်ရောက်ဖြေဆိုသူများအနေဖြင့် ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) နိုင်ငံ၀နှထမ်းဖြစ်ပါက ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ၀နှိကြီးဌာနမှတာစ်ဆင့် လျှောက်ထားရမည်။)
(c) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လက်ရှိရာထူးသက်(၂)နှစ်ပြည့်ပြီးသည့် အကြီးတန်းစာရေးနှင့် စာရင်းကိုင်(၃) များ သည်ဌာနတွင်းသတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါ က ဝင်ရောက်လျှောက်ထားနိုင်ပါသည်။ [အသက်(၃၈)နှစ်ထက် မကျော်လွန်စေရ။]
(စ) အဖိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal) ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။
(ဆ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်ဧရိယာတစ်မဲများကို စီစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေဖေးမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံး၀ (လုံး၀) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် စာမေးပွဲ၀င်ကြေး ၆၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲ၀င်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ၆ဝေရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၃။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။။စစ္စည်းများရောင်းချ ရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ။ ၀၂။ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲ ဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ၉ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၇။ လျှောက်လွှာတွင်-
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(c) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(စ) ယခင်က နိုင်ငံ၀နှထမ်းအဖြစ် တာ၀နှထမ်းဆောင်ခဲ့ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာ၀နှထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်း
(ဆ) နိုင်ငံ၀နှထမ်းဖြစ်ပါက အလုပ်အကိုင်နှင့်ဌာန
(ဇ) နိုင်ငံ၀နှထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဈ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
(ည) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲပါရှိရမည်-
(က) ၀င်ကြေးပေးသွင်းသည့်ချေလန်(မူရင်း)
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(c) ပတ်စ်پို့အရွယ်ဓာတ်ပုံငါးပုံ
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဆ) ယခင်ကဝန်ထမ်းအဖြစ် တာ၀နှထမ်းဆောင်ခဲ့ဖူးပါက သက်ဆိုင်ရာဌာနအ၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဇ) နိုင်ငံ၀နှထမ်းဖြစ်ပါက သက်ဆိုင်ရာ၀နှိကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်
(ဈ) နိုင်ငံ၀နှထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ည) နိုင်ငံ၀နှထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(ဋ) နိုင်ငံ၀နှထမ်းမဟုတ်သူများအတွက် (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၉။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေး၀နှိကြီးဌာန၏ website **www.mopf.gov.mm**တွင်ရယူလျှောက်ထားနိုင်ပါသည်။

၁၀။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့လိပ်မူ၍ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မှတ်ပုံတင်စာပြေလုပ်၍လည်းကောင်း ၂၉-၂-၂၀၂၄ ရက်နေ့ နေ့လယ်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၁။ ၀နှထမ်းများသည် ဌာနအကြီးအကဲ၌ခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာ၀နှထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၇-၃-၂၀၂၄ရက်နေ့ နေ့လယ်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာ မိတ္တူတစ်စောင်ကို ၂၉-၂-၂၀၂၄ ရက်နေ့ နေ့လယ်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနမှ၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၁)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ
၇-၂-၂၀၂၄

| | စက်သုံးဆီ(လက်လီဈေးနှုန်းများ) | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၁၃၀ | ၁၁၂၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၂၈၇ | ၃၇၂၄၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂၂ | ၁၇၃၈၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၄၃၇ | ၆၅ဝ၃၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁ဝ၅၀ | ၁၉၀၀ | ၂၄၃ | ၄၄၉ဝ၀၀ |
| AHPC | ၄ဝ၀၀ | ၄ဝ၀၀ | ၁ | ၄ဝ၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅ဝ | ၁ဝ၁၅၀၀ |


## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေ၀င်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလွင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် - သန်းထွန်းအောင်နှင့် အဖွဲ့
ဒီဇိုင်း
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရင်ထွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ ဦးစီး ၀၁-၅၄၄၃၁၅ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉**
**ကွယ်လွန်သူ ဦးမြလှိုင်၏**
**ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၃၄)လမ်း၊ အမှတ် ၁၂၂၉ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြလှိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတေဇက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြလှိုင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးတေဇ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(၆-သံဒင်း)၊ စစ်တောင်းလမ်းသွယ်(၁)၊ မြေကွက်အမှတ် (၁၀၃၃) ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက် ဦးဌေးလှိုင် (ISN-၂၆၅၆၂၁)ထံမှတစ်ဆင့် ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်အိဇာဇာခင် ၁၂/ရပသ (နိုင်)၀၆၄၅၇၅မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ချာန် (L.L.B)**
**(စဉ်-၅၀၄၈၂)အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့။**
**ဖုန်း-၀၉-၄၄၄၄၂၅၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၆ မြေကွက်ပေါ်တွင် ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ထားသော RC (၂) ခန်းတွဲ (၆)ထပ်တိုက်၏ ၆ (ဘီ)၊ ဝဲဘက်ခန်း အကျယ်အဝန်း (၂၅ ပေ x ပေ ၅၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကြိုပွဲဂွင့်စနစ်ဖြင့် ဝယ်ယူထားသူများထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန်ထရိုက်တာ ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူကျော်(LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၇)**
**အမှတ်(ရ/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၆၁၄၊ သရဖီ(၁)လမ်းဟုခေါ်တွင်သော အလျား ပေ ၂၀ x အနံ ပေ ၆၀ရှိ ဒေါ်စိုးစိုးဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေနှင့်အိမ်အား ဒေါ်စိုးစိုးစံ (ဘ) ဦးကျော်မြင့် ၁၂/သခန (နိုင်)၀၉၆၃၅၂ မှ တရားဝင်ပိုင်ဆိုင် လက်ရှိထားရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမြင့်(LL.B) ဒေါ်စုနန္ဒာမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၇) အထက်တန်းရှေ့နေ(စဉ်-၅၅၀၈၁)**
**အမှတ်(၅၈၃)၊ သရဖီလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၉၄၇၅၇**

## လုပ်ငန်းအမည်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ (၁၀) အမှတ်- ၄၄၃ နေ ဦးစိုးဝင်းအောင် (၁/မကန (နိုင်) ၁၃၂၄၆၈) ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

JK Diamond & Jewellery

မှတ်ပုံတင်အမှတ်- ၃၄၃၂/၂၀၂၂ (၃-၁၁-၂၀၂၂)

အထက်ပါ " JK " Diamond & Jewellery လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ ၂၀၁၆ ခုနှစ်မှ စတင်၍ အသုံးပြုကာ မြစ်ကြီးနားမြို့၌ " JK " Diamond & Jewellery (အာမခံ စိန် ၊ ရွှေ ပလက်တီနမ်၊ ရတနာအရောင်းဆိုင်) အား ဖွင့်လှစ်ရောင်းချခဲ့ပါသည်။

ထို့နောက် အဆိုပါ " JK " Diamond & Jewellery လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၂ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်၍ တစ်ဦးတည်းပိုင်အဖြစ်သုံးစွဲလျက် " JK " Diamond & Jewellery (အာမခံ စိန် ၊ ရွှေ ပလက်တီနမ်၊ ရတနာအရောင်းဆိုင်) များကို မြစ်ကြီးနားမြို့ နှင့် ရန်ကုန်မြို့ တို့၌ ဆိုင်ခွဲများဖွင့်လှစ်၍ Facebook, Website, Internet, Telegram တို့၌ ထည့်သွင်းကြော်ငြာကာ အရည်အသွေးစစ်မှန်ဒီဇိုင်းဆန်းသစ်လှပသော စိန်၊ ရွှေ ပလက်တီနမ် လက်ဝတ်ရတနာပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတဝှမ်းလုံး၌ တရားဝင်ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ " JK " Diamond & Jewellery လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း (သို့မဟုတ်) လူအများမှသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထပ်တူထပ်မျှ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲတုပသုံးစွဲခြင်း (သို့တည်းမဟုတ်) တုပမှတ်ပုံတင်ခြင်းတို့ ပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ တုပပြုလုပ်သုံးစွဲခဲ့ပါလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ဦးစိုးဝင်းအောင် ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ လင်းပင်လမ်း၊ မြေကွက်အမှတ်(၁၂၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်မိုးစန္ဒာဦး(၁၂/ဒဂတ(နိုင်)၀၀၉၈၂၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆိုပါအမည်ပေါက်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးဇော်မျိုးနိုင်** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

**ဒေါ်ဆောင်းဝတ်ရည်နှင်း** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်–၅၀၅၇၃)

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၇၉၆၇၆၇၇၂၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/3531 Honda Insight ZE2, H/B (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၁၂/ကတတ(နိုင်)၀၁၀၀၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/9717 Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကို ၇/နတလ(နိုင်) ၁၃၆၀၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ပျောက်ဆုံးကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၃ရပ်ကွက်၊ စိန်ပန်းမြိုင် ၁လမ်း၊ တိုက် ၂၃၊ အခန်း(B.၄)တွင် ဦးမောင်မောင်ခိုင် ၆/ထဝန(နိုင်)၀၁၁၈၁၄ ပိုင်ဆိုင်သော လှည်းကူးမြို့နယ်၊ အမြန်လမ်း၊ ၁၅.၂မိုင် မြေပိုင်ဆိုင်မှုစာချုပ် တစ်စောင်၊ ၁၈.၄မိုင် မြေပိုင်ဆိုင်မှုစာချုပ်(၂)စောင်၊ တိုက်ကြီးမြို့နယ် လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ် ၂၅အတွင်းရှိ သစ်တောဂရန်မြေပိုင်ဆိုင်မှုစာချုပ် (၂)စောင်တို့သည် ၁-၁၂-၂၀၂၁ ရက် 3B/6312 ယာဉ်ဖောက်ထွင်းခံရမှုတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးမောင်မောင်ခိုင် ၆/ထဝန(နိုင်)၀၁၁၈၁၄**
**ဖုန်း-၀၉-၅၀၇၉၉၉၈**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊**
**လူနေရပ်ကွက်အမှတ် (FMI CITY အိမ်ရာစီမံကိန်း) မြေကွက်အမှတ်(၈၃၇)၊**
**အကျယ်အဝန်းပေ (၉၈ x ၁၀၀) ရှိသည့် ဒေါ်နီလာဝင်း အမည်ပေါက်**
**နှစ်(၆၀) မြေငှားဂရန် အိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍**
**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးချိန်ဝင်း ၁၃/လကန(နိုင်)၀၁၅၃၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျူလီရာနူး ၁၂/ဒဂမ(နိုင်)၀၄၇၆၅၃ မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအေး(စဉ်-၁၄၈၁၉) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ (၉)ရပ်ကွက်၊ ပန်းခြံ(၂)၊ ပန်းခြံ(၂)လမ်း၊ အမှတ်(၂၈၄/က) တွင် နေထိုင်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်စန္ဒာဦး ၉/ပမန (နိုင်)၁၄၅၀၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ ဦးပိုင်-(၈၄က)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/ချမ်းအေးအရှေ့)၊ ဦးလွတ်(၁၀)လမ်း၊ အမှတ်(၃/၉၇)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧက ဒေါ်မြမြ ၉/ပမန(နိုင်) ၀၄၂၀၅၀ နှင့် ဦးစည်သူအောင် ၉/ပမန(နိုင်)၁၆၅၅၉၃ အမည်ပေါက် မြေငှားဂရန်အိမ်ခြံမြေသည် မိခင်ဖြစ်သူ ဒေါ်မြမြမှ ပိုင်ဆိုင်ခဲ့သည့် အိမ်ခြံမြေ ဖြစ်ပါသည်။

ယခုအခါ မိခင် ဒေါ်မြမြမှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ ဒေါ်မြမြကွယ်လွန်ပြီးနောက်တွင် အထက်ဖော်ပြပါ အိမ်ခြံမြေအား ဒေါ်မြမြ၏ သားသမီးများဖြစ်သော ဒေါ်စန္ဒာဦး ၉/ပမန(နိုင်)၁၄၅၀၄၀၊ ဒေါ်မိုးမိုးခိုင် ၉/ပမန (နိုင်)၁၄၅၀၄၄၊ ဒေါ်နွယ်နွယ်အောင် ၉/ပမန(နိုင်) ၁၄၅၀၄၅၊ ဦးစည်သူအောင် ၉/ပမန(နိုင်)၁၆၅၅၉၃ တို့မှ အမွေဆိုင်အဖြစ် ပူးတွဲပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ခြံမြေအား အမွေဆိုင်တစ်ဦးဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဦးမှ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန် ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဦး ၉/ပမန(နိုင်)၁၄၅၀၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအေး(စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၀၆၉၁၅၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ (၈)ရပ်ကွက်၊ နဝရတ်(၆)လမ်းရှိ မြေကွက်အမှတ်(၂၄၀/က) ခေါ်တွင်သော မြေကေ ၀ ဒသမ ၀၂၇ ဧကရှိသည့် နှစ်(၆၀) မြေငှားဂရန်စာချုပ်အား အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော (ဘ) ဦးမောင်ရွှေ၏ သမီးဖြစ်သူ ဒေါ်လှလှဌေး ၁၂/သကတ (နိုင်)၀၈၈၈၂၅ သည် ၎င်းပိုင်ဆိုင်သော အထက်ပါ လိပ်စာပေါ်ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား မြန်မာ့စီးပွားရေးဘဏ်တွင် အပေါင်ပြုပေးအပ်၍ ချေးငွေရယူထားပါသည်။ ယခုအခါ (ချေးငွေရယူထားသည့်) ဒေါ်လှလှဌေးမှ ဘဏ်ချေးငွေများအား အပြေအကျေပေးဆပ်ပြီးပြီဖြစ်ပါ၍ အပေါင်ပြုပေးအပ်ထားသော စာချုပ်စာတမ်းများအား ပြန်လည်၍ ထုတ်ယူရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ယခုကြေညာပါသည့်ရက်မှစ၍ (၁)လအတွင်း မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်မြို့သို့ လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက လျှောက်ထားလာသူ (ဘ)ဦးမောင်ရွှေ၏ သမီးဖြစ်သူ ဒေါ်လှလှဌေး ၁၂/သကတ(နိုင်)၀၈၈၈၂၅ အား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်မန်နေဂျာ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/2526 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖခင်အမည်မှန်

မိုးညှင်းမြို့၊ အထက (ခွဲ)နားခါ Grade–11 မှ မသင်းရန့်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၈/မမန (နိုင်) ၉၀၃၀၃၀ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၇/အောင်သပြေ-၂)၊ ဦးပိုင်အမှတ် (၂၀၈)၊ မြို့မြေ၊ မြေဧရိယာ ၀ ဒသမ ၇၃၈ ဧကရှိ မြေကွက်အား ဦးမင်းလွင် (ဘ) ဦးအောင်ငြိမ်း ၁/မညန(နိုင်) ၀၂၈၉၈၇မှ ကံသာဦး လူမှုရေးကူညီမှုအသင်းအဖွဲ့ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းလွင် ၁/မညန(နိုင်)၀၂၈၉၈၇**
**ကံသာဦး**
**လူမှုရေးကူညီမှုအသင်းအဖွဲ့၊**
**မိုးညှင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/2323 Hino Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းစုလတ် ၁၂/လမတ(နိုင်) ၀၃၂၃၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/25539 Honda Wave 110 Myaing Chan li Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဝမ်းတွင်းမြို့နယ်၊ ပဲနံ့သာအုပ်စု၊ ကန်ကြီးကျေးရွာနေ မပန်းဖြူ၏ ဖခင်ဦးချစ်ဆွေ(ခ) ဦးချစ်ရွှေ ၉/ဝတန(နိုင်)၀၇၉၆၃၀မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချစ်ဆွေ(ခ)ဦးချစ်ရွှေ**

## TIGER MK LOGISTICS (MYANMAR) CO., LTD

## (In Members' Voluntary Winding Up)

## Notice under section 211 (a) of the Myanmar Insolvency Law

## Final General Meeting relating to the voluntary winding up

In pursuant of the section 211 (a) of the Myanmar Insolvency Law, all members of the Company are invited to attend the Final General Meeting of the " TIGER MK LOGISTICS (MYANMAR) CO., LTD" (Under Liquidation) which will be held as per schedule mentioned below for the purpose of laying before it the account and giving any explanation there of.

**Meeting Date and Time** : : 7th, March, 2024, (10:00) AM

**Venue** : : Online Meeting

**U YE NOOS (Supreme Court Advocate)**

**YE NOOS & ASSOCIATES (Law Firm)**

**Liquidator**

**Ph: (01) 8397234/8397235**

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁(က)အရ

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ

## အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

## GO GO TRAVEL & TOURS CO.,LTD

## (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"GO GO TRAVEL & TOURS CO., LTD" (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** ။ ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ရက်( နံနက် ၁၀)နာရီ။

**ကျင်းပမည့်ပုံစံ** ။ ။ Online Meeting

**ဒေါ်သန့်မြတ်ဝင်း**

**FOCUS CONSULTING GROUP LIMITED**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**GO GO TRAVEL & TOURS CO., LTD**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် -၃၄၊ ပထမထပ်တွင် နေထိုင်သော ဒေါ်စိုးစိုးမြင့် (KMDE-၀၁၂၃၈၆)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်အနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆Dᵃ၊ မြေကွက်အမှတ် -၁၁၉၊ ဧရိယာ ၀.၀၂၈ကေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်-၃၄၊ ပထမထပ်တိုက်ခန်းတို့သည် ဒေါ်စိုးစိုးမြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေကွက်နှင့် တိုက်ခန်းဖြစ်ပါသည်။ ဒေါ်စိုးစိုးမြင့်အနေဖြင့် အဆိုပါမြေကွက်နှင့် တိုက်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ အဆိုပါမြေကွက်နှင့် တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ရန် လွှဲပြောင်းပေးအပ်ရန် သဘောတူညီထားခြင်း တစ်စုံတစ်ရာအလျဉ်းမရှိသည့်အတွက် အဆိုပါမြေကွက်နှင့် တိုက်ခန်းအား ဒေါ်စိုးစိုးမြင့်၏ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ ပြုလုပ်ပါက ထိုသူတို့အား တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘောတူညီမှုမရှိဘဲ ဝယ်ယူသူ လွှဲပြောင်းလက်ခံရရှိသူတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှဲ့လှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၄၃)**

**တိုက်အမှတ် ၉/၁၁၊ ၃/ခ၊ မြေညီ ၃၆လမ်း တို(အောက်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၄၂၂၃၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၂၀၅)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အအုံ၏ စတုတ္ထထပ်(၅-လွှာ)(တိုက်ကို မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)အခန်း၊ ဧရိယာ (၅၇၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေ မီးအပါအဝင် အကျိုးခံစား ခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဇေယျာဝင်းကို ၁၂/တကန(နိုင်)၁၄၆၂၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝေယံစိုးမြင့် ၇/ပတတ(နိုင်)၁၁၅၅၇၆၊ ဒေါ်စိုးသန္တာ ၇/ပမန(နိုင်) ၁၇၂၀၇၇တို့ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေယံစိုးမြင့်၊ ဒေါ်စိုးသန္တာတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**

**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ (အိုးဘို)ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ မြေကွက်အမှတ်(၁၄)ရှိမြေရှင် ဒေါ်စိန်ရင်နှင့် ကန်ထရိုက်တာတို့မှ အခန်းပေးအခန်းယူ ဆောက်လုပ်ထားသော (၃ထပ်တိုက်)တိုက်ခန်းများအနက်မှ (မြေညီထပ်)(ခြေရင်းခန်း-တစ်စုံ)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်မြင့် ၁၂/ကတတ(နိုင်)၀၀၃၁၄၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စုစုမော်(ခ)ဒေါ်စန်းစန်းမော် ၁၂/ လသန(နိုင်)၀၀၉၉၉၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုမော်(ခ)ဒေါ်စန်းစန်းမော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ကံ့ကော်မြိုင်(၂)လမ်း၊ မြေကွက်အမှတ်(၁၀၃)၊ (၄၀ပေ၊ ၆ပေ x၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်နှင့် ရေမီးအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်သူ ဦးကျော်မြင့် ၁၂/ဥကတ(နိုင်) ၀၁၀၆၁၀ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ဒေါ်စောမြနန္ဒာဝေ ၁၃/လလန(နိုင်) ၀၀၀၁၃၃မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောမြနန္ဒာဝေ ၁၃/လလန(နိုင်) ၀၀၀၁၃၃၃**

## ဘိုးဘပိုင်၊ မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ ကွင်းအမှတ်(၁၆၈၃)၊ တတောင်ကွေ့ကွင်း၊ ဦးပိုင်အမှတ်(၂၉၆/၁)၊ ဧရိယာ(၀ဒသမ၂၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်

(က) အရှေ့လားသော်- ဗိုလ်ချုပ်လမ်း
(ခ) အနောက်လားသော်- ဦးပိုင်(၂၇၈)
(ဂ) တောင်လားသော်- ဦးပိုင်(၂၉၇/၁)
(ဃ) မြောက်လားသော်- ဦးပိုင်(၂၉၆/၂)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်တင်သန်းမှ လျှောက်ထားလာသည့် အတွက် ယင်း၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၂၀၂၄ခုနှစ်၊ မတ်လ ၈ ရက်)မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိပါကဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ဦးစီးအရာရှိ**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ဇလွန်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် (၂/၂၀၂၄) လထပ်မံနှင့် (၃/၂၀၂၄)လတို့အတွက် အုပ်ချုပ်မှုနှင့် ပုံမှန်လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော စက်သုံးဆီ ဒီဇယ်ဆီ(ရိုးရိုး)(၂၀၀၀၀)ဂါလန်တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၂-၂၀၂၄ရက် မှ ၂၁-၂-၂၀၂၄ ရက်အထိ(ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၂၂-၂-၂၀၂၄ရက် မွန်းလွဲ ၁နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၂-၂၀၂၄ရက် မွန်းလွဲ ၂နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/ တင်သွင်းရမည့်နေရာ** - ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ရုံးအမှတ်(၁၅)၊ နှစ်ထပ် တိုးချဲ့ဆောင်အသစ်၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဖုန်း-၀၆၇၃-၄၁၀၃၁၇၊ ၀၉-၇၉၁၆၄၂၇၀၂၊ ၀၉-၇၈၀၂၀၅၅၉၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၁၈)ဦးပိုင်(၂၅၈၊ ၂၅၉)၊ ဧရိယာ(၀ဒသမ၁၁၀ )ဧကရှိ ဦးချစ်လှ အမည်ပေါက် မြေကွက်အား ဦးဗိုလ်ဗိုလ်နိုင် ၁၄/မအန(နိုင်) ၁၄၉၂၆၀ မှ မြေငှားဂရန်မူရင်း၊ စာချုပ်စာတမ်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများနှင့်အတူ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မောင်ချိုပြုံးမောင် ၁/မကတ(နိုင်)၀၇၃၃၄၃ ၏ ပတ်စ်ပို့နံပါတ်(MA 940587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၅၃၇၄၃၇**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက တောင်ဇင်း Grade-11 မှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးမောင်မောင်စိုး ၁၄/မအန(နိုင်)၀၃၉၁၃၈ ၏ အမည်မှန်မှာ ဦးသန်းစိုးဖြစ်ပါကြောင်း။ **ဦးသန်းစိုး**
**၁၄/မအန(နိုင်)၀၃၉၁၃၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ကေသွယ်ထွန်း ၁၄/လပတ(နိုင်) ၁၈၇၃၈၈၏ ဖခင် ဦးမြထွန်းနှင့်ဦးမြတ်ထွန်းသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/79015, HONDA Click 125 ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၁)၊ မြေကွက်အမှတ် (၆၁၄)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၀x၆၀)အကျယ်ရှိ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်မြင့် အမည်ပေါက် ပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီသီခိုင် (၁၂/ခရန(နိုင်)၀၅၀၇၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှိုင်လှိုင်ဌေး (LL.B.,D.I.P.L)** — **ဒေါ်မေဇင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၃၀၈)** — **အထက်တန်းရှေ့နေ (စဥ်-၅၂၉၅၇)**
**အမှတ် (၃၁၆)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၇၈၀၀၅၁၊ ၀၉-၇၆၆၈၈၇၄၄၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ချောင်းရိုးရပ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၅၂)၊ မြေဧရိယာအကျယ်အဝန်း (၅၂'x၅၇')ပေ ပေါ်တွင် ဆောက်လုပ်ထားသော (၂၀x၂၀)ပေပေါ်ရှိ နံကပ်၊ သွပ်မိုး၊ အရှေ့လား သော်-လမ်း၊ အနောက်လားသော်-N-2၊ တောင်လားသော်-လမ်း၊ မြောက်လား သော်-ချောင်းရိုး အသီးသီးပါရှိသော အဆောက် အအုံတစ်လုံးအပါအဝင် နေအိမ်နှင့် မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဘချစ်နှင့် ဒေါ်မယ်လုတို့မှ တရားဝင်ပိုင်ဆိုင်ပြီး မိဘများ ကွယ်လွန်သွားပြီးနောက် ၎င်းတို့၏သားနှင့် သမီးဖြစ်သူ ဒေါ်တင်လှိုင်နှင့် ဦးသိန်း၊ မောင်နှမ(၂)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ ၎င်းနောက် ဒေါ်တင်လှိုင် ၉/မမန(နိုင်) ၀၃၄၁၁၈မှ မောင်အရင်းဖြစ်သူ ဦးသိန်း(MMO-၂၅၈၈၇၉)အား(၂၃-၈-၂၀၂၂)ရက်နေ့စွဲတွင် မိသားစုစီမံခန့်ခွဲမှုစာချုပ်ကို ချုပ်ဆိုပြီး မောင်ဖြစ်သူ ဦးသိန်းအား မိဘများပိုင်ဆိုင်သည့် အထက်ပါမြေကွက်ကို အပြီးအပိုင်လွှဲပြောင်းပေးခဲ့ပါသည်။ ယခုအခါ ဦးသိန်းမှ ၎င်းအမွေရရှိထားသော နေအိမ်မြေကွက်ပေါ်တွင် ခြံဝင်းအုတ်တံတိုင်းခတ်ရန်အတွက် ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ခြံဝင်းအုတ်တံတိုင်းခတ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိ ပေးကြော်ငြာအပ်ပါသည်။

**ဦးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၃၆၇)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၀၄၆၅၂၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/78353, Honda Vario 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာအောင် ၁၄/ကကထ(နိုင်) ၁၂၀၁၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 51W/78353, Honda Varia 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာအောင် ၁၄/ကကထ (နိုင်) ၁၂၀၁၉၁ မှ ဖောင်းကြွနံပါတ်ပြားပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈/မြောက်ပိုင်း)၊ ဦးပိုင်အမှတ်(၃၀/၁၄၈)၊ မြေဧရိယာ(၀.၀၃၄)ဧကရှိမြေအား ဦးရာနူးဒေး(ခ)အော်လော(ခ်) ဂျိုသီဒေး-အူရှားရာနီးဒေး(ခ)ဒေါ်ကြူကြူအမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်၊ အထွေထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့**

## အများသိစေရန်

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးလင်းအောင် ၁၂/ကမန(နိုင်)၀၄၇၂၈၂ နှင့် ဒေါ်နီနီမော် ၁၂/မဂတ(နိုင်)၀၃၇၆၅၁ တို့သည် ၂၃-၁၁-၂၀၂၃ ရက်တွင် တိုက်ခန်း ကြိုတင်အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီးနောက်ပိုင်း အထက်ပါ အခန်းဝယ်ယူသူ ဒေါ်နီနီမော်မှ သတ်မှတ်ရက်အတွင်း စာချုပ်ပဋိညာဉ်အတိုင်း အခန်းရောင်းချသူ အထက်ပါ ဦးလင်းအောင်ထံသို့ ငွေပေးချေရန် ပျက်ကွက်နေသောကြောင့် ဒေါ်နီနီမော်မှ ယနေ့မှစ၍ အဆိုပါ အခန်းနှင့်ပတ်သက်မှုမရှိကြောင်း၊ စာချုပ်ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်ဝင်းသိန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၈၆)**
**အမှတ်(၂၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများသည် မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Maubin Development Public Co., Ltd.) ၏ ရှယ်ယာရှင်များထံမှ ရှယ်ယာ 100% လုံးအား ယနေ့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကုမ္ပဏီအက်ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသောကြောင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်လိုပါကကန့်ကွက်နိုင်ပါကြောင်းနှင့်(၁၄)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သီတာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၇၉) (၁၀-၄-၂၀၁၅)**
**အမှတ် (၇၁/၇၅)၊ ပြင်စည်မင်းသားကြီးလမ်းနှင့်**
**မင်းကြီး ဟာမင်းခေါင်လမ်းထောင့်၊**
**လှိုင်သာယာစက်မှုဇုန်(၄)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ မြေကွက်အမှတ် (၃၅/ᵒဆ)၊ ဧရိယာ (၀ ဒသမ ၂၁၅၂) ဧကရှိ (၃/ခ)ရပြီး မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မြစပယ်ရိပ်သာလမ်း၊ အမှတ်(၁၁) ဟုခေါ်တွင်သော မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဟယ်ရီ (ခ) ဦးဝစ်မာလ်ကူးမား ၁၂/ကတတ(ဧည့်)၀၀၁၀၉၅ နှင့် ဦးဇော်မြင့် ၁၂/ပဘတ(ဧည့်)၀၀၀၆၂၂ တို့က ဆက်စပ်စာချုပ်စာတမ်းများနှင့် တရားဝင် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး၊ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူများအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း အပြည့်အစုံတို့ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအထမြောက်သည်အထိ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးမင်းထွေး (L.LB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၃၈)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၉၄၇၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ "မြတ်ရတနာ" အိမ်ရာစီမံကိန်း အပိုင်း(၂) ရှိ မြေကွက်အမှတ် (၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကကို ဗိုလ်ကြီးရဲဝင်း (PGU-၁၁၁၉၈၉) ထံမှ အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့် ဝယ်ယူခဲ့ကြပြီး၊ နောက်ဆုံး ဝယ်ယူထားသူ ဒေါ်သီသီဝင်း ၁၂/ဥကတ(နိုင်)၁၂၀၃၄၉ မှ ၎င်း၏ အမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားလာမှုအပေါ် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/ဘီ၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်-၃၀၁၊ အကျယ် ပေ (၄၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီတာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးကြည်အေး (PDG-၀၆၃၀၈၀) ၁၂/ဒဂန(နိုင်)၀၀၃၇၂၇ ၏ အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်ပြီး ရောင်းချသူမှ တရားဝင် ဂရန်အမည်ပေါက်လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးကြည်အေး (PDG-၀၆၃၀၈၀) ၁၂/ဒဂန(နိုင်)၀၀၃၇၂၇၊ အမှတ်(၂၄၅)၊ ဗိုလ်လရောင်လမ်း၊ ၂/ခရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်းခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင်( တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၀၂၁)**
**(LL.B, D.I.R, D.IL, D.M.L, DL-101 (WIPO)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၁၉၇၉၃၂**

## မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကမ်းနားလမ်း၊ ဘိုးဘွားရိပ်သာစားသောက်ဆိုင် ဘေးရှိမြေနေရာတွင် ကမ်းနားလမ်းဖွံ့ဖြိုးရေးစီမံကိန်း Zone(A), Zone(B) နှင့်Zone(C)တို့ကို ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် Zone တစ်ခုချင်းအလိုက် အောက်ပါအတိုင်း စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **အဆိုပြုလျှောက်လွှာရောင်းချမည့်ရက် အချိန်၊ နာရီ** | - (၈-၂-၂၀၂၄) ရက် (ကြာသပတေးနေ့)မှ (၂၂-၂-၂၀၂၄)ရက် (ကြာသပတေးနေ့)အထိ နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ |
| (ခ) | **အဆိုပြုလျှောက်လွှာတန်ဖိုး** | - (၅၀၀၀၀)ကျပ် |
| (ဂ) | **အဆိုပြုလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက် အချိန်၊ နာရီ** | - (၇-၃-၂၀၂၄)ရက် (ကြာသပတေးနေ့) - (၁၅:၀၀)နာရီ |
| (ဃ) | **နေရာ** | - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့်ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ်အချက်အလက်များကို အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုပါကြောင်း သဘောတူညီချက်တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ္ဌ)ရပ်ကွက်၊ ဇီးအုပ်ကျေးရွာဝန်းကျင်အတွင်း အစိုးရမြေသတ်မှတ်ခဲ့ပြီး မြေပေးမိန့်များထုတ်ပေးခဲ့ရာ အဆိုပါ မြေကွက်များအပေါ် ကျူးကျော်သူများရှိနေသဖြင့် ဂရန်မြေကွက်များအတွက် ငွေပေးသွင်းပြီး ဂရန်များရရှိခဲ့သော်လည်း မြေလက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိ ဖြစ်ခဲ့ပါသည်။ ယခုအခါ အဆိုပါကျူးကျော်အိမ်များ ဖယ်ရှားပြီးဖြစ်ပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လမ်းများဖောက်လုပ်ခြင်း၊ မြေနေရာ ရှင်းလင်းခြင်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုမြေပေးမိန့်၊ ငွေသွင်းပြေစာများ၊ ဂရန်စာချုပ်များ လက်ဝယ်ပိုင်ဆိုင်ရရှိသူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားရှိသည့် မူရင်းအထောက်အထားများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ဖွင့်လှစ်ထားသည့်ရုံးခွဲသို့ လာရောက်တင်ပြလျက်မိမိတို့ ရရှိသည့်မြေကွက်များအား ဝင်းခြံခတ်ခွင့်နှင့် အဆောက်အအုံ (ယာယီတဲ)တည်ဆောက်ခွင့်များအား (မြေရှင်းလင်းခ)များပေးသွင်းပြီး ရယူလျှောက်ထားနိုင်ရန်(မြေပုံကူးခြင်း/တိုင်းတာသတ်မှတ်ပြီး နေရာအကွက်နံပါတ် အကျယ်အဝန်းအလိုက် နေရာချထားပေးခြင်း/ယာယီတဲတည်ဆောက်ခြင်း) ကိစ္စများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ အမြန်ဆုံးလာရောက်ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားပါ သည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူ သိရှိစေရန် ကြော်ငြာချက်

CBC Myanmar Microfinance Co., Ltd ၏ Board of Directors များဖြစ်သော Ms. Sandra Anestasia Walgama (N 7091819) နှင့် Mr. Kodituwakku Arachchige Prins Perera (N 8251958) တို့သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တို့တွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ အသီးသီးနုတ်ထွက်ပြီး Mr. Sivasubramaniam Ganeshan (N 5464722) နှင့် Mr. Sellathurai Prabagar (N 9525066) တို့သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ဝင်ရောက် ခြင်းကို ငွေရေးကြေးရေး ကြီးကြပ်စိစစ်ရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်-ငကစ/ကက-၆ (၇၄/၂၀၁၅) အရ ငွေကြေးဝန်ဆောင်မှုပေးနေသည့် အသင်းသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**CBC Myanmar Microfinance Co.,Ltd**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖြိုးထက်ဇော် ၉/ခအဇ(နိုင်)၀၁၄၈၈၇ နှင့် ဒေါက်တာဝင်းမာခိုင် ၁၂/အစန(နိုင်)၁၇၂၂၉၄ တို့သည် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ၆-၂-၂၀၂၄ ရက်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အားပြုလုပ်ချုပ်ဆို၍ တရားဝင် ကွာရှင်းပြတ်စဲကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင် (လိုင်စင်အမှတ်-၁၀၇၄၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၀၆၉/ခ၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၅၂၈၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပါမောက္ခလမ်း၊ အိမ်အမှတ် (၁)၊ အကွက်နံပါတ်(၂၅)ဟု ခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ၅ လွှာ (ဝဲဘက်/ခေါင်းရင်းခြင်း) (၁၅ ပေ x ပေ ၆၀) အကျယ်ရှိ ဆောက်လုပ်ဆဲတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများ (ကန်ထရိုက်တာများ) ဖြစ်ကြသော ၁။ ဦးမြင့်နိုင် ၁၁/မဥန(နိုင်)၀၁၃၆၃၃ နှင့် ၂။ ဦးညီညီနိုင် ၁၁/စတန(နိုင်)၀၀၁၈၃၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးနေဝင်း သိန်း ၁၂/ကမရ(နိုင်)၀၅၃၄၃၄ နှင့် ၂။ ဒေါ်မီမီနေဝင်းနိုင် ၁၂/ကမရ(နိုင်)၀၅၇၈၃၈) တို့က ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးဇာခြည် (LL.B) (D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)**
**အမှတ်(၂၆၅/ခ)၊ အင်ကြင်း(၃)လမ်း၊ ၅/၄-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၃၀၉၅၃၆၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၁ နှင့် ၅)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၆

| | | |
|---|---|---|
| ဒေါ်ငွေးငွေးလှိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းဗိုလ်) | **နှင့်** | ၁။ ဦးခင်မောင်ဝင်း<br>၂။ ဒေါ်ခိုင်အေး<br>၃။ ဦးမြတ်စံ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI City၊ (၄) ရပ်ကွက်၊ ယမင်းရွှေဝါသစ်ခွလမ်းသစ်၊ အမှတ်(0-154)နေ (၁) တရားပြိုင် ဦးခင်မောင်ဝင်းနှင့် (၂) တရားပြိုင် ဒေါ်ခိုင်အေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေနှင့်အဆောက်အအုံ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက် တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/5656 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၁၄/ဇလန(နိုင်)၁၂၄၃၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## အများသိစေရန်ကြေညာခြင်း

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(စမ-စက်မှုကွက်သစ်)၊ဦးပိုင်အမှတ်(၄၈၄ + ၄၈၅ + ၄၈၆+ ၄၈၇)၊ မြေဧရိယာ (၀ ဒသမ ၄၅၉) ဧကရှိ မြေကွက်သည် ဒေါ်အေးအေးသန်း ၉/ဝတန(နိုင်)၀၉၄၃၃၇ အမည်ဖြင့် ခရိုင်ရုံးအမှုတွဲအမှတ် ၃၇၀/၁၉၉၀-၁၉၉၁ အရ (၅-၈-၁၉၉၇)ရက်မှ (၄-၈-၂၀၂၇)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် ထုတ်ပေးပါရန် ဒေါ်အေးအေးသန်း ၉/ဝတန(နိုင်)၀၉၄၃၃၇ မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**မိတ္ထီလာခရိုင်**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက်တိုက်လုပ်ငန်းအပ်နှံငွေများဖြင့်ခရိုင်(၄)ခရိုင်အတွင်းရှိမြို့နယ်များတွင်ကန်ထရိုက်တိုက်များမီးရရှိရေးအတွက်လိုအပ်သည့်ထရန်စဖော်မာဆက်စပ်ပစ္စည်းများ၊ Service Wire ဆွဲသားခြင်းနှင့် Meter အဝင် Connection ပြုလုပ်ခြင်းအတွက် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၈.၂.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၂.၂.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၃၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## ကျိုက်ထိုခရိုင်တရားရုံး၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

မအေးသီတာ **လျှောက်ထားသူ**

အဟုံးဝကျေးရွာ(အရှေ့ဘက်ကမ်း)၊ အဟုံးဝကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်နေ အရွယ်မရောက်သေးသူ မောင်ရဲသီဟအောင် ၎င်းပိုင်သောပစ္စည်းအကြောင်း

အဟုံးဝကျေးရွာ(အရှေ့ဘက်ကမ်း)၊ အဟုံးဝကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်နေ မအေးသီတာ အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ရဲသီဟအောင်သည် အသက်(၁)နှစ်နှင့် (၉)လခန့် ရှိသူဖြစ်ပြီး ၎င်းက မိခင်အရင်းဖြစ်၍ အနီးစပ်ဆုံး အုပ်ထိန်းသူဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကိုထုတ်ဆင့်လိုက်သည်။ ထို လျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်ရည်အေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၁၂၈၃၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးသီဟမျိုးညွန့် (ဘ) ဦးမျိုးညွန့် ၁၂/သဃက(နိုင်)၀၀၂၁၇၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသီဟမျိုးညွန့်မှ ဒေါ်အိပြည့်ဉာဏ်ဝင်း (ဘ) ဦးဉာဏ်ဝင်း ၁၃/တကန(နိုင်)၁၉၈၆၅၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် (၃၅)၊ ၇လွှာ (ခေါင်းရင်းခန်း)၊ အကျယ် ၁၅ ပေ x အနံ ပေ ၆၀ ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်သော အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘမြင့် ၁၀/မဒန(နိုင်)၁၁၈၉၁၂ ပိုင်ဆိုင်သော တိုက်ခန်းအား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားနှင့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဇာဏီထက်ကျော်**
**ဖုန်း-၀၉-၇၉၃၄၁၈၂၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ သံတောင်လမ်း၊ အိမ်အမှတ်(၁၅၁/ခ) တွင်နေထိုင်သူ ဒေါ်စိုးစိုးအေး ၁၂/လသယ(နိုင်)၁၁၉၀၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများ သိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးအေးမှ ခင်ပွန်းဖြစ်သူဦးကျော်မင်းနိုင်နှင့် အိမ်ထောင်ကျပြီး သမီးဖြစ်သူ မထက်ထက်လှိုင်အား ၁၈-၁-၂၀၁၁ ရက်တွင် မွေးဖွားခဲ့ပါသည်။ ယခုအခါ သမီးဖြစ်သူ မထက်ထက်လှိုင် အမည်အား မချမ်းမြေ့ဟေသာအမည်ဖြင့် ပြောင်းလဲပြီးဖြစ်ပါသည်။ ထို့ကြောင့် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)၊ အခြေခံပညာအထက်တန်းကျောင်း Grade -6 (A) တွင် ပညာသင်ကြားနေသော မထက်ထက်လှိုင်အား မချမ်းမြေ့ဟေသာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မချမ်းမြေ့ဟေသာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁-၂၀၁၁ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းမင်းဇော် (LL.B)** | **ဒေါ်စုစန္ဒာလင်း (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၀၈၂)** |
| **အမှတ်(၈၄၂/ခ)၊ (၁၉)ရပ်ကွက်** | **အမှတ်(၆၇၂)(ပ)ထပ်(ဘီ)၊ မင်းစေတီလမ်း** |
| **မြတ်လေးလမ်း၊ရွှေပြည်သာမြို့နယ်။** | **ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။** |
| **ဖုန်း -၀၉-၇၅၅၆၆၆၉၇၅** | **ဖုန်း-၀၉-၇၆၇၆၀၂၂၀၆** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင်တက် ရောက်ကုသနေသော လူနာများအတွက် ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ Consumablesများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းအဆိုပြုလွှာ ရောင်းချမည့်ရက်** - ၈-၂-၂၀၂၄ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၂-၂-၂၀၂၄ ရက် (ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၉-၇၉၆၆၅၅၇၉၇၊ ၀၉-၄၄၇၄၄၀၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာအုပ်စု၊ ဆင်ဖုံကျေးရွာ၊ အကွက်အမည်-ဆင်ဖုံရွာကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၁၇၂/၁၇၃၊ အကွက်အမှတ်-၄၈၉ᵃ/$V_7$၊ ဒေါ်အေးအေးခိုင် ၁၂/လကန(နိုင်)၀၄၂၂၁၁ အမည်ပေါက်၊ မြေအမျိုးအစား(၁၀)နှစ် ကျေးရွာမြေငှားဂရန်ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၄၉ ဧကအကျယ်အဝန်းရှိ မြေကွက်ကြီးအနက်မှ ယင်းမြေကွက် မျက်နှာမူလျှင် ညာဘက်ထောင့်ခြမ်းရှိ (၂၀ x ၅၃)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်တိုက် အဆောက်အအုံ၊ ရေ၊ ကိုယ်ပိုင် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်အေးအေးခိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်တင်နု ၁၀/သထန(နိုင်)၀၂၅၂၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်မိုး ၁၂/ထတပ(နိုင်)၁၀၇၆၄၄ က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အထက်ပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ဆက်ခံခွင့်ရှိသူများအနေဖြင့် ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ (၄လွှာ-B)၊(၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၃၂၂၇၆၊ ၀၉-၇၉၈၄၅၃၇၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၁၉၅/က၊ ဧရိယာ (၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၁၉၅/က)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်ညိမ်း (CM-၀၀၉၇၃၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးခင်ညိမ်း(CM-၀၀၉၇၃၇) ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၆၁၅၅/၁၆(၇-၁၁-၂၀၁၆)ဖြင့် ဒေါ်သန်းလှ ၁၂/သကတ(နိုင်)၀၃၀၇၁၆ မ ှပိုင်ဆိုင်ခဲ့ပြီး ဒေါ်သန်းလှကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၆၂၃၁/၂၀၂၂(၁၀-၈-၂၀၂၂)ဖြင့် ပိုင်ဆိုင်သူ သားသမီးများဖြစ်သော ဒေါ်ငွေငွေဝင်း ၁၂/သကတ(နိုင်)၀၃၀၉၄၄၊ ဦးအေးသွင် ၁၂/သကတ(နိုင်)၀၃၂၇၈၄၊ ဦးအေးနိုင် ၁၂/သကတ(နိုင်)၀၃၃၄၂၁၊ ဦးဆန်းဝင်း ၁၂/သကတ(နိုင်)၀၃၂၈၂၆မှ ဖခင် ဦးခင်ညိမ်းအမည်ပေါက် ဂရန်မူရင်းသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးသွားကြောင်း အဆိုပါဂရန်မူရင်းအား ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်းမရှိပါကြောင်းနှင့် ပျက်စီးပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း ဒေါ်ငွေငွေဝင်း၊ ဦးအေးသွင်၊ ဦးအေးနိုင်၊ ဦးဆန်းဝင်းတို့ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ အမွေဆက်ခံပိုင်ဆိုင် စာချုပ်(၂)စောင်၊ နှစ်(၆၀)မြေငှားဂရန်သည် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၃၀၆)၊ မြေကွက်တည်နေရာ အမှတ်(၃၀၆)၊ ကာဘိုးလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်(ဦးသက်တင် PYU-၀၀၁၅၇၃)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးသက်တင်(ခင်ပွန်း)ဖြစ်သူ ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်(ဇနီး)ဖြစ်သူ ၁၂/မရက(နိုင်)၀၁၉၉၃၂ မှ မိမိခင်ပွန်း သက်ရှိထင်ရှားရှိစဉ် အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ကြောင်း ခင်ပွန်းဖြစ်သူနှင့် မိမိမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြ၍ ခင်ပွန်းဖြစ်သူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အမွေ ဆက်ခံခြင်းဖြင့် မိမိမှာလက်ရှိနေထိုင်အကျိုးခံစားလျက်ရှိကြောင်း၊ ခင်ပွန်းဖြစ်သူတွင် မိမိမှလွဲ၍အခြားဇနီး၊ မယားမည်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့ဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ (RC) ဆောက်လုပ်ဆဲအဆောက်အအုံရှိပြီး လျှောက်ထား သူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ အဆောက်အအုံ ဆောက်လုပ်နေဆဲဖြစ်သဖြင့် ဝန်ခံကတိပြုစာတင်ပြရန် အကြောင်းကြားခဲ့ရာ ဝင်စာအမှတ် (၁၅၃၃၁/၂၀၂၃) ဖြင့် အရာရှိရှေ့တွင် လက်မှတ်ရေးထိုး၍ ရှင်းလင်းစာတင်ပြလာပါသဖြင့် ဒေါ်မြင့်မြင့်မှ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းအတွက်(လုပ်ငန်းတစ်ရပ်လုံး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် မြဝတီမြို့နယ်၊ စုကလိမြို့၊ တောင်နီကျေးရွာအနီး၊ သောင်ရင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ အလျား(၁၉၀)ပေအတွက် တည်ဆောက်ရေးလုပ်ငန်း တစ်ရပ်လုံး ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၈-၂-၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးထား တင်သွင်းရမည့်ရက်/အချိန်** | - ၂၀-၂-၂၀၂၄ ရက် ၁၆:၀၀ နာရီ |
| ၄။ | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၂၁-၂-၂၀၂၄ ရက် ၁၀:၀၀ နာရီ |
| ၅။ | **တင်ဒါလျှောက်လွှာရောင်းချခြင်း၊ တင်ဒါပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ ဘားအံမြို့ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ရုံးဖုန်း ၀၅၈-၂၂၅၀၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စန်းစန်းအေး (ဘ) ဦးကျော် ၉/ပဗသ(နိုင်)၀၀၉၇၁၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၃၇၈၁၃၇၉**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အထက(ခွဲ) အောက်ပိုင်း Grade-11 မှ မောင်မျိုးမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၁၄/ကကန(နိုင်)၁၃၃၂၁၈ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ် (၁၆၃-B)၊ ထန်းကုန်းကွင်း၊ ဦးပိုင်အမှတ် (၄၀/၅)၊ ဧရိယာ ၀ ဒသမ ၀၇ ဧကရှိ ဂရန်မြေအား ဦးဝင်းသော်၊ ဦးဝေဟင်အောင်ဝင်း အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ B)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၃၀၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးလှတင်(AG-၁၆၈၄၂၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ်(၂၉၇)နှင့် ကပ်လျက်(ခြေရင်းခြမ်း)(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ကြီးအရပိုင်ဆိုင်သူ သားသမီး(၃)ဦးမှ ရောင်းချပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သူ ဦးလှဝေ(၁၀/ ရမန (နိုင်)၀၀၆၃၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဦးတင်ကိုလှိုင်** |
| LL.B, D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/ မြေညီ)၊ ငမိုးရိပ်(၁၀)လမ်းအပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၂၅၀၉၇၁၇၂၉

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်လင်းထက် ၈/မလန(နိုင်)၁၀၈၅၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည် -

